# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 5 September 2018 ၉၄၀၀


**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ နန္ဒိမစ်သရ ဧကနရက ၎င်း၏သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ သီရိလင်္ကာသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ နန္ဒိမစ်သရ ဧကနရကသည် ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယလေတပ်ဦးစီးချုပ် Air Chief Marshal Birender Singh Dhanoa ,PVSM , AVSM ,YSM ,VM , ADC အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယလေတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယလေတပ်ဦးစီးချုပ် Air Chief Marshal Birender Singh Dhanoa ,PVSM , AVSM ,YSM ,VM , ADC အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**နှစ်နိုင်ငံချစ်ကြည်ရေး ကိစ္စရပ်များဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပ

စာမျက်နှာ » ၄

၂၀၁၈ ကမ္ဘာ့ဘိလိယက်နှင့် စနူကာပြိုင်ပွဲ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိ

စာမျက်နှာ » ၁၀

ဒီမိုကရက်တစ်ပါတီ (မြန်မာ)က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

စာမျက်နှာ » ၁၁



မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

စာမျက်နှာ » ၁၀




ကြေးမုံ

# ရပ်ရွာအေးချမ်းသာယာရေး ဝိုင်းဝန်းကြိုးပမ်း

ယခုကာလတွင် ရပ်ရွာဒေသများ၌ ဒုစရိုက်မှုများ ခပ်စိပ်စိပ်ဖြစ်ပွားခဲ့သည်ကို မြင်တွေ့ကြားသိကြရမည်ဖြစ်သည်။ မြို့ပြများတွင် မကြာခဏ ဖြစ်ခဲ့သလို ရပ်ရွာများတွင်လည်း ဖြစ်ခဲ့ကြသည်။ ရပ်ရွာနေပြည်သူများ အနေဖြင့် စိတ်မချမ်းမြေ့ဖွယ်ရာ အနိဋ္ဌာရုံများကို မြင်တွေ့ကြားသိကြရသောကြောင့် စိုးရိမ်ပူပန်မှု၊ ထိတ်လန့်ကြောက်ရွံ့မှုများ ဖြစ်ကြပေလိမ့်မည်။

အမှန်တကယ်တွင် ဒုစရိုက်မှုများမှာ ရှေးယခင်ကာလများကလည်း ဖြစ်ပွားလေ့ရှိပြီး ယခုကာလတွင်မူ လူမှုကွန်ရက်စာမျက်နှာများ အလွယ်တကူပျံ့နှံ့မှုကြောင့် ဒုစရိုက်မှုများကို ပြည်သူများ ပိုမိုသိရှိလာကြခြင်းဖြစ်သည်။ ဒုစရိုက်မှုများဖြစ်ပွားရသည့် အကြောင်းအရင်းများစွာရှိသည့်အနက် အလုပ်အကိုင်ရှားပါးမှု၊ စားဝတ်နေရေးခက်ခဲမှု၊ ဗြဟ္မစိုရ်တရားခေါင်းပါးမှုတို့ကြောင့်ဟုဆိုသည်ထက် ဒုစရိုက်မှုကိုဖြစ်ပွားစေရန် တွန်းအားဖြစ်စေသော သရုပ်ပြမှုများနှင့် အရက်သေစာသောက်စားမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုတို့သည် အဓိကကျသည်ဟု ဆိုနိုင်သည်။

ဒုစရိုက်မှုများ သိသာထင်ရှားစွာဖြစ်ပွားနေခြင်းသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ခြိမ်းခြောက်လာခြင်းဖြစ်သည်။ ယင်းပြဿနာကို ဝိုင်းဝန်းအဖြေရှာ ဖြေရှင်းဆောင်ရွက်ကြလျှင် ဒုစရိုက်မှုများလျော့ကျနိုင်သည်။ ပြဿနာရှိလျှင် အဖြေရှိသည်ဆိုသကဲ့သို့ ဖြစ်ပွားရသည့် အကြောင်းအရင်းကို စနစ်တကျ လေ့လာဖော်ထုတ်ရန် အရေးကြီးသည်။ ပြဿနာဖြစ်မှ ဖြေရှင်းမည်ဆိုခြင်းထက် ပြဿနာမဖြစ်မီ ပြဿနာ ဇာစ်မြစ်ကို မှန်ကန်စွာရှာဖွေဖော်ထုတ်နိုင်ပါမှ မှန်ကန်စွာ ဖြေရှင်းနိုင်မည်ဖြစ်သည်။

မူးယစ်ဆေးဝါးနှင့် အရက်သေစာများကို အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်ခြင်းသည် ရပ်ရွာအေးချမ်းသာယာရေးကို ပျက်စီးစေနိုင်သည်။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတွင် တာဝန်ရှိသူများမှာ ရပ်ရွာအုပ်ချုပ်သူများနှင့် လုံခြုံရေးတာဝန်ရှိသူများ ဖြစ်ကြသော်လည်း ကြီးမားကျယ်ပြန့်ပြီး လူဦးရေထူထပ်သောမြို့ပြများတွင် ဝန်နှင့်အားမမျှ၍ အခက်အခဲရှိနိုင်သည်။ အမှန်တကယ်တွင် မိမိတို့ရပ်ရွာဒေသလုံခြုံအေးချမ်းရေးအတွက် ရပ်ရွာဒေသတွင် နေထိုင်ကြသော ပြည်သူများတွင်လည်း တာဝန်ရှိသည်ဟုဆိုချင်သည်။

ဒုစရိုက်မှုများ မဖြစ်ပွားအောင် ကြိုတင်တားဆီးရေး၊ ဖြစ်ပွားလာလျှင်လည်း လုံခြုံရေး၊ အုပ်ချုပ်ရေး တာဝန်ရှိသူများနှင့်အတူ လက်တွဲပူးပေါင်းတားဆီးရေးသည် အလွန်လိုအပ်သည့်အချက်ပင်ဖြစ်သည်။ သာဓကအားဖြင့် မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချသူများအား အရေးယူနိုင်ရန် ပြည်သူလူထု သတင်းပေးတိုင်ကြားမှုဖြင့် အရေးယူမှုများ၊ မြို့ရွာများတွင် အတင့်ရဲစွာဖြင့် ခိုးဆိုးလုယက်သတ်ဖြတ်သူများအား ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုဖြင့် ဝိုင်းဝန်းတားဆီးကြသည်မှာ ကောင်းမွန်သည့်လက္ခဏာဖြစ်သည်။

ပြဿနာတစ်ခုကို မဖြစ်မီက ကြိုတင်တားဆီးကာကွယ်နိုင်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက သိမ်းငှက်စီမံချက်၊ လင်းယုန်စီမံချက်တို့ကဲ့သို့ ဒုစရိုက်သမားများကို ရှာဖွေဖော်ထုတ်တားဆီးခြင်း၊ မူးယစ်ဆေးဝါးသတင်းများကိုရယူပြီး ဖြန့်ဖြူးရောင်းချသူများကို ရှာဖွေဖမ်းဆီးခြင်းတို့အပြင် အရက်သေစာရောင်းချခြင်းတို့ကိုလည်း အချိန်အခါ နေရာဒေသအလိုက် စည်းကမ်းစနစ်ကျနစွာ ရောင်းဝယ်ဖောက်ကားနိုင်ရေးကိုလည်း ထိန်းသိမ်းပေးသင့်သည်။ ထို့အပြင် ကိုယ်ကျင့်တရားစောင့်ထိန်းရေး၊ ဒုစရိုက်မှုကို တွန်းအားပေးသော ဖျော်ဖြေတင်ပြမှုများကိုလည်း သတိထားလုပ်ကိုင်ကြရန် အရေးကြီးသည်။

သို့ဖြစ်ရာ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် နိုင်ငံအတွက် အထူးအရေးကြီးသော လိုအပ်ချက်ဖြစ်သည်။ ထိုအရေးများကို သက်ဆိုင်ရာ မြို့ရွာအုပ်ချုပ်သူ၊ လုံခြုံရေးတာဝန်ယူသူများက ဦးဆောင်၍ ပြည်သူလူထု ပူးပေါင်းပါဝင်လက်တွဲဆောင်ရွက်မှုဖြင့် ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန် အရေးတကြီး လိုအပ်နေပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့
ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ
(အင်းစိန်မြို့)
၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၆/၇) ရက် (ကြာသပတေး၊ သောကြာ) နေ့များတွင်
နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
အ.ထ.က (၁) အင်းစိန်မြို့

## ဗန်းမော်၌ လူနေအိမ်များနှင့် စာသင်ကျောင်းရေလွှမ်းမိုး

**ဗန်းမော် စက်တင်ဘာ ၄**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံစီကြီးကျေးရွာအုပ်စု ကုန်းပဒေါင်းကျေးရွာနှင့် မံစီကြီး-ဗန်းမောက် ကားလမ်းမပေါ်၌ စက်တင်ဘာ ၄ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါနေ့ နံနက် ၄ နာရီခွဲခန့်က ကုန်းပဒေါင်းကျေးရွာ အနိမ့်ပိုင်း လူနေအိမ်အချို့နှင့် စာသင်ကျောင်းဆောင်အတွင်းသို့ ရေများစီးဝင်ခဲ့ခြင်းကြောင့် အမြင့်ပိုင်းရှိ ရေလွတ်ရာသို့ ယာယီ ပြောင်းရွှေ့ပေးထားကြောင်း၊ လူနှင့်တိရစ္ဆာန်များ သေကျေပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၄**
မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိ သော ရေကြီးရေလျှံဘေးများကြောင့် ရေဘေးသင့်ပြည်သူများ အတွက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E.MR.Hong Liang ဦးဆောင်သည့်အဖွဲ့က လှူဒါန်းငွေ အမေရိကန်ဒေါ်လာ တစ်သိန်းကို ယနေ့ နံနက် ၁၀ နာရီခွဲ တွင်လည်းကောင်း၊ နတ်မောက်ကွန်ရက်နှင့် နတ်မောက်မြို့နယ်အသင်း(နေပြည်တော်)က လှူဒါန်းငွေ ကျပ် ၇၂၀၅၀၀ ကို နံနက် ၁၀ နာရီ မိနစ် ၅၀ တွင်လည်းကောင်း နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကာ လက်ခံရရှိသော အလှူငွေများကို ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အကျိုးရှိရှိ ထိရောက်စွာ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂန့်ဂေါ၌ တိရစ္ဆာန်အခြေခံကျန်းမာရေးသင်တန်းဖွင့်

**ဂန့်ဂေါ စက်တင်ဘာ ၄**
တိရစ္ဆာန်အခြေခံကျန်းမာရေးသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဂန့်ဂေါမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် ပြုလုပ်ရာ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းလတ်က အမှာစကား ပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနမှူး ဒေါက်တာသန်းဝင်းက သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်၍သင်တန်းကာလမှာ ငါးရက်ဖြစ်ပြီး သင်တန်းတွင် ဆေးဝါးခတ်ကြွင်းအန္တရာယ်၊ နို့စား နွားစီမံခန့်ခွဲမှု၊ စားကျက်စီမံခန့်ခွဲမှု၊ ဌာန၏ မျှော်မှန်းချက်နှင့် စီမံကိန်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ခိုင်းနွားမွေးမြူရေး၊ ကူးစက်တတ်သော ကျွဲ၊ နွားရောဂါများ၊ ကျေးရွာမွေးဘဏ်စီမံကိန်း၊ မေထုန်မဲ့သားစပ်ခြင်း၊ အစာအာဟာရဗေဒ၊ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်း၊ ကြက်ရောဂါများ စသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးရမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် စက်တင်ဘာ ၄**

ရန်ကုန်(ရွှေဈေး) ၉၈၁၀၀၀ - ၉၈၁၀၀၀ မန္တလေး(ရွှေဈေး) ၉၈၁၀၀၀ - ၉၈၁၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၈၅/၁၀၁၀ ကျပ်၊ | ၁၀၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၀၅/၁၀၃၀ ကျပ်၊ | ၁၀၉၀/၁၁၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၉၉၅/၉၈၀ ကျပ်၊ | ၁၀၄၅/၁၀၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၉၅/၁၀၂၀ ကျပ်၊ | ၁၀၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၉၈၅/၁၀၀၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၁၀၀၀/၁၀၁၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၉၅၀/၉၇၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၆၀. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၂. ၆၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၆. ၃၂၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၆. ၈၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၃၀၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၆၆. ၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၆. ၁၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၁. ၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၀၄. ၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ
ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဒိန်းမတ်သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဂျွန်နေလ်စင်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဂျွန်နေလ်စင်အား လက်ခံတွေ့ဆုံစဉ်။

# ပြည်ပမှ မော်တော်ယာဉ်များတင်သွင်းခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များအား အသေးစိတ် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၄**

မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ (၃/၂၀၁၈) ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်း၌ ကျင်းပရာ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ သန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ (၃/၂၀၁၈) အစည်းအဝေးတွင် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းမှုများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် မော်တော်ယာဉ်များ မှတ်ပုံတင်ခွင့်အတွက် သက်ဆိုင်ရာ ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ယခုအစည်းအဝေးတွင် ညှိနှိုင်းပေါင်းစပ်ဆွေးနွေးမည်ဖြစ်ကြောင်း၊ ဆောင်ရွက်သင့်သည့် နည်းလမ်းများကို ကော်မတီဝင်များအနေဖြင့် ညှိနှိုင်းဆွေးနွေးသွားကြရန် ပြောကြားသည်။



ယင်းနောက် ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးရန်နိုင်ထွန်းက မော်တော်ယာဉ်တင်သွင်းမှုနှင့် မော်တော်ယာဉ်မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ပမှမော်တော်ယာဉ်များ တင်သွင်းခွင့်ပြုခြင်းကိုလည်း နိုင်ငံတော်၏ လက်ရှိကုန်သွယ်မှုအခြေအနေများ၊ ဒေါ်လာဈေးနှုန်းမြင့်တက်မှု၊ ကုန်သွယ်မှုလိုငွေပြမှု၊ နိုင်ငံတကာတွင် စက်သုံးဆီဈေးနှုန်းမြင့်တက်နေမှု၊ ပြည်ပမှစက်သုံးဆီတင်သွင်းမှု အခြေအနေများအရ ဘက်စုံဆန်းစစ် လေ့လာသုံးသပ်၍ နိုင်ငံတော်၏လိုအပ်ချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးဆုံးဖြတ်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက YVQC ကျင့်သုံးဆောင်ရွက်မှုနှင့်ပတ်သက်၍ ပြောကြားသည်။ ထို့နောက် ကော်မတီအတွင်းရေးမှူးက ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာကော်မတီဝင်များက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီအနေဖြင့် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းမှုနှင့် ပတ်သက်၍ နိုင်ငံတော်၏စီးပွားရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒများနှင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီတွင်ပါရှိသည့် လုပ်ငန်းဌာနများ၏ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

# အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များတွင် ပါဝင်မည့် အဖွဲ့ဝင်ကိုယ်စားလှယ်များ ရွေးချယ်ရေး လုပ်ထုံးလုပ်နည်း(မူကြမ်း) ဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၄**

ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတွင် ပါဝင်မည့် အဖွဲ့ဝင်ကိုယ်စားလှယ်များ ရွေးချယ်ရေးလုပ်ထုံးလုပ်နည်း (မူကြမ်း)ဆွေးနွေးပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Inya Lake Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အလုပ်သမားရေးရာဆိုင်ရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ အိုင်အယ်လ်အို (ရန်ကုန်ရုံး)မှ Mr. Rory Mungoven (ILO, Liaison Officer)၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM)၊ မြန်မာနိုင်ငံတောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (AFFM-IUF)၊ မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS-TUsF) တို့မှ ကိုယ်စားလှယ်များ၊ ခုံသမာဓိကောင်စီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့မှ အလုပ်ရှင်နှင့် အလုပ်သမား ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များမှ အတွင်းရေးမှူးများနှင့် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



ယခင်က အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များတွင် ပါဝင်မည့် ကိုယ်စားလှယ်များ ရွေးချယ်ရေးနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းသတ်မှတ်ပြဌာန်းထားမှုမရှိသည့်အပေါ် ထိုသို့ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ လုပ်ထုံးလုပ်နည်းကို ရေးဆွဲသတ်မှတ်ခြင်းဖြင့် အလုပ်ရှင်၊ အလုပ်သမားများကို ကိုယ်စားပြုသည့် စစ်မှန်သောကိုယ်စားလှယ်များ ရွေးချယ်နိုင်ရေးနှင့် ကိုယ်စားလှယ်များရွေးချယ်ရာတွင် စနစ်တကျ ရွေးချယ်နိုင်ရေးအတွက် ကိုယ်စားလှယ်များ ရွေးချယ်ရေး လုပ်ထုံး လုပ်နည်း(မူကြမ်း)အပေါ် တက်ရောက်လာသည့် ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်တောင်းမြစ်၊ ဘီးလင်းမြစ်နှင့် ရွှေကျင်မြစ်ရေအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၄**

**စစ်တောင်းမြစ်ရေ**

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

**ဘီးလင်းမြစ်ရေ**

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့်တွင် ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**ရွှေကျင်မြစ်ရေ**

ယနေ့မွန်းလွဲ ၃ နာရီအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သဖြင့် အဆိုပါ မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

**မိုး/ဇလ**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပ



ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်



မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း



မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်



ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်

**နေပြည်တော် စက်တင်ဘာ ၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ဥပဒေကြမ်းတစ်ခုဆွေးနွေးခြင်းနှင့် ချေးငွေနှစ်ခု ရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ၂၀၁၈-၂၀၁၉ ခုနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့၏မူနှင့် အခြေခံသဘောများ၊ စီမံကိန်းလုပ်ငန်းများ၊ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်က မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲတိုင်းပြည်ဖြစ်သည့်အတွက် စီးပွားရေးအခြေခံအဆောက်အအုံများကို လိုငွေပြဘတ်ဂျက်နှင့် တည်ဆောက်နေရခြင်း ဖြစ်ပါကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့ လူမှုရေးအခြေခံအဆောက်အအုံအပြင် တိုင်းပြည်၌လိုအပ်နေသည့် လျှပ်စစ်မီးလင်းရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများ တည်ဆောက်ရန် ဘတ်ဂျက်လိုငွေများကို နိုင်ငံပိုင်သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်းမှရရှိသည့် ငွေကြေးအမြောက်အမြားကို အသုံးပြုခြင်းဖြင့် ဘတ်ဂျက်လိုငွေကို လျော့နည်းစေပြီး တိုင်းပြည်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ခြင်းကို များစွာအထောက်အကူပြုစေမည်ဖြစ်ပါကြောင်း။

## နိုင်ငံတော်ပိုင် စီးပွားရေးအခန်းကဏ္ဍတစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် စီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရန် တိုက်တွန်းအကြံပြု

နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ၏ ဝင်ငွေ ထွက်ငွေနှင့် အမြတ်ရရှိငွေ စုဆောင်းထားရှိမှုအခြေအနေကို ခြုံငုံသုံးသပ်ကြည့်ပါက အမြတ်ရရှိသည့် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများသည် အမြတ်၏ ၂၀ ရာခိုင်နှုန်းကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေထဲထည့်ဝင်ကြပြီး အမြတ်၏ ၈၀ ရာခိုင်နှုန်းကို မိမိတို့လုပ်ငန်းတစ်ခုစီ၏ ကိုယ်ပိုင်ဘဏ်စာရင်းတွင် စုဆောင်းထားရှိနိုင်ကာ အရှုံးပေါ်နေသည့်လုပ်ငန်းများ၏ လိုအပ်ငွေများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနေရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ သိမ်းဆည်းထားရှိနိုင်သည့် ငွေပမာဏနှင့် နိုင်ငံတော်မှ စိုက်ထုတ်ပေးမည့် ငွေပမာဏကို လုပ်ငန်းတစ်ခုစီ၏ မဟာဗျူဟာလိုအပ်ချက်အပေါ် မူတည်ပြီး ဆုံးဖြတ်သင့်ပါကြောင်း၊ ၁၉၈၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေကို ခေတ်စနစ်နှင့်အညီ ပြန်လည်သုံးသပ်ခြင်းအပါအဝင် နိုင်ငံတော်ပိုင် စီးပွားရေးအခန်းကဏ္ဍတစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် အလုံးစုံပြုပြင်ပြောင်းလဲမှု စီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းအကြံပြုပါကြောင်း ဆွေးနွေးသည်။

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းက ယခုနှစ်တွင် ပြည်ထောင်စု၏ သုံးစွဲငွေသည် ငွေကျပ် ၂၄၉၅၄ ဘီလီယံကျော်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ထောက်ပံ့ငွေနှင့် ချေးငွေသည် ၂၁၆၀ ဘီလီယံကျော်သာရှိခြင်းကြောင့် ပြည်ထောင်စုအသုံးစရိတ်၏ ၈ ဒသမ ၆၅ ရာခိုင်နှုန်းခန့်သာ ရှိသည်ကိုတွေ့ရပါကြောင်း၊ နှစ်စဉ်လည်း ၁၀ ရာခိုင်နှုန်းအောက်၌သာရှိသည်ကို လေ့လာသိရှိရပါကြောင်း၊ ယခုကဲ့သို့ အခြေအနေများကြောင့် ပြည်နယ်နှင့် ပြည်မဖွံ့ဖြိုးတိုးတက်မှုသည် အလှမ်းပိုကွာဝေးလာသည်ကို မြင်တွေ့ရပါကြောင်း။

ပြည်ထောင်စုနှင့်တိုင်းဒေသကြီး၊ ပြည်နယ်များအကြား ဘတ်ဂျက်ခွဲဝေမှုမညီမျှမှုဖြစ်ရသည့် အကြောင်းအရင်းတစ်ခုမှာ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဗဟိုချုပ်ကိုင်မှုများလွန်းနေခြင်းကြောင့်ဟု ယူဆပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ ဆောက်လုပ်ရေး၊ လယ်ယာနှင့် ဆည်မြောင်း၊ နယ်စပ်ရေးရာ စသည့် ဝန်ကြီးဌာနများသည် မူလတန်းကျောင်းများ၊ ဆေးပေးခန်းများ၊ ကျေးရွာချင်းဆက်လမ်း၊ ရေတွင်းရေကန်များအပါအဝင် ငွေကျပ်သိန်း ၁၀၀ အောက် လုပ်ငန်းအသေးလေးများပါ ဝန်ကြီးဌာန၏ ဘတ်ဂျက်တွင် ထည့်သွင်းတောင်းခံကြသည်ကို တွေ့ရပါကြောင်း ဆွေးနွေးသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ ဦးတင်အောင်ထွန်း၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင်၊ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော်၊ ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်ဇဲလ် (ခေါ်) ဆလိုင်းရန်းဗယ်နှင့် ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးတို့ကလည်း ဆွေးနွေးကြသည်။

## IFAD ထံမှ ချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ (IFAD)ထံမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၉၈၄ သန်း ချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်က ဖွံ့ဖြိုးမှုနည်းပါးသည့် မြို့နယ်များအတွက် ယခုကဲ့သို့ချေးငွေဖြင့် စီမံကိန်းများဖော်ဆောင်ပေးသည့် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါကြောင်း၊ ယခုချေးငွေသည် အတိုးမဲ့ချေးငွေဖြစ်ပြီး ဝန်ဆောင်ခ သုည ဒသမ ၇၅ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်ပါကြောင်း၊ ဆိုင်းငံ့ကာလ ၁၀ နှစ်နှင့် ပြန်ဆပ်ကာလ နှစ် ၃၀ ဖြစ်သည့်အတွက် ချေးငွေသက်တမ်းနှစ် ၄၀ ဖြစ်ပါကြောင်း၊ စီမံကိန်းသည် ချေးငွေအပါအဝင် စီမံကိန်းတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၂၅ သန်းကုန်ကျမည်ဟု သိရှိရပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ယခုချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ရန်လိုမည်ဖြစ်ပါကြောင်း၊ ဝန်ဆောင်ခအား မည်သည့်အဖွဲ့အစည်းကို ပေးဆောင်ရမည်ကို ပြည်သူများကို အသိပေးရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်က စီမံကိန်းဖော်ဆောင်ရာတွင် အလေအလွင့်မရှိရန်နှင့် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပါကြောင်း၊ စီမံကိန်းကို သတ်မှတ်ချက်ကာလအတွင်း ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံးပြီးစီးအောင် လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ စီမံကိန်းချေးငွေမှာ အတိုးနှုန်းသက်သာပြီး ဝန်ဆောင်မှုစရိတ်နည်းပါးသည့်အတွက် ကောင်းမွန်ပါကြောင်း၊ စီမံကိန်းကြောင့် လူမှုစီးပွားဘဝ တိုးတက်လာမည်ဖြစ်ပြီး အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသဖြင့် ချေးငွေရယူခြင်းကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁) မှ ဦးဌေးတင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်ရှားမူနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဒေါက်တာကျော်ငွေတို့ကလည်း ဆွေးနွေးကြသည်။

## ကိုရီးယားသမ္မတနိုင်ငံ EXIM Bank of Korea ထံမှ EDCF ချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကိုရီးယားသမ္မတနိုင်ငံ EXIM Bank of Korea ထံမှ EDCF ချေးငွေ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၈၁၆ သန်း ချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြင့်တင်နိုင်ရန်၊ စက်မှုကဏ္ဍတိုးတက်စေရန် မြေဧက ၆၀၀ ခန့်ပေါ်တွင် ဆောင်ရွက်မည့် ညောင်နှစ်ပင်သင်တန်းကျောင်းစီမံကိန်းသည် ကိုရီးယားနိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေရာတွင် အရေးပါသည့်အခန်းကဏ္ဍပုံစံအတိုင်း အတုယူဖော်ဆောင်မည့်စီမံကိန်းဖြစ်သည့်အတွက် အခြားစီမံကိန်းကြီးအချို့ကဲ့သို့ ကြန့်ကြာမှုများ မဖြစ်စေလိုပါကြောင်း။

အဆိုပါစီမံကိန်းသည် လူဦးရေ ၆ သန်းနေထိုင်သည့် ရန်ကုန်မြို့နှင့် နီးကပ်စွာ တည်ရှိရုံသာမက မြန်မာနိုင်ငံ၏ အချက်အချာဖြစ်သည့် နေပြည်တော်၊ မန္တလေးတို့ကို သွားရောက်ရာလမ်းနှင့် အဆင်ပြေအောင် စီမံဆောင်ရွက်မည်ဆိုလျှင် ရန်ကုန်လေဆိပ်သို့ နာရီဝက်ဖြင့် ရောက်ရှိနိုင်ပါကြောင်း၊ ရန်ကုန်ဆိပ်ကမ်းသို့ တစ်နာရီကျော်အတွင်းရောက်ရှိနိုင်သည့် ခရီးအကွာအဝေးဖြစ်သည့်အတွက် ကိုရီးယားနှင့် မြန်မာပြည်ရှိ ကုမ္ပဏီများ အပြန်အလှန် ဈေးကွက်ထဲ ဝင်ရောက်လာနိုင်ခြေရှိသောကြောင့် အကောင်အထည်ဖော်သင့်သည့် စီမံကိန်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး တိုးလွင်က စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ၃ နှစ်ခွဲ၍ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဟု တွေ့ရပါကြောင်း၊ တင်ဒါခေါ်ယူဆောင်ရွက်ရာတွင် ပြည်တွင်းမှ အလုပ်အကိုင်ရရှိရေးနှင့် ပြည်တွင်းမှ ထုတ်လုပ်သည့် ပစ္စည်းများ အသုံးပြုရေးအတွက် ပြည်တွင်းကုမ္ပဏီများဖြင့်သာ ဦးစားပေး ဆောင်ရွက်သင့်ပါကြောင်း။

စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် ကိုရီးယားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဖိတ်ခေါ်နိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ငါးသောင်းမှ တစ်သိန်းခန့်အထိ ဖန်တီးပေးနိုင်ခြင်း၊ လှည်းကူးမြို့နယ်ဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးမှု အထောက်အကူ ဖြစ်စေနိုင်ခြင်းအပြင် နိုင်ငံခြားပို့ကုန်များ တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ပြီး စီမံကိန်းတွင်ပါဝင်သည့် စက်ရုံ ၂၀၀ ခန့်မှ နှစ်စဉ်အခွန်ရငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်ရရှိနိုင်ခြင်းစသည့် လူမှုရေး၊ စီးပွားရေး အကျိုးအမြတ်များ ရရှိနိုင်သည်ကို တွေ့ရသည့်အတွက် ကောင်းမွန်သည့်စီမံကိန်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့အတူ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော်၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း၊ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချိုနှင့် လှည်းကူးမြို့နယ်မှ ဦးသိန်းတန်တို့ကလည်း ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို စက်တင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်(သတင်းစဉ်)**

# ဧည့်လမ်းညွှန်ကောင်းထွက်ပေါ်ရေး သင်တန်းဖွင့်လှစ်မည်

**ရန်ကုန် စက်တင်ဘာ ၄**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်ရာတွင် အဆင်ပြေလွယ်ကူစေရေးအတွက် လုပ်ငန်းစဉ်(၄)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ဧည့်လမ်းညွှန်ကောင်းထွက်ပေါ်ရေးအတွက် ဧည့်လမ်းညွှန်သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ တိုးမြှင့်ဝင်ရောက်ခဲ့သဖြင့် ဧည့်လမ်းညွှန်များလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် လိုင်စင်ပျက်ပြယ်သွားသော ဧည့်လမ်းညွှန်အတွက် ဧည့်လမ်းညွှန်မွမ်းမံသင်တန်း အမှတ်စဉ်(၉)ကို အောက်တိုဘာ ၈ ရက်တွင် ဖွင့်လှစ်ရန်စီစဉ်ဆောင်ရွက်လျက်ရှိရာ သင်တန်းလျှောက်လွှာများကို စက်တင်ဘာ ၁၀ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ အမှတ်(၄၅၈/၄၆၀) မဟာဗန္ဓုလလမ်းနှင့် (၃၁) လမ်းထောင့် ပန်းဘဲတန်းမြို့နယ် ရသာကွန်ဒို (ဒုတိယထပ်)ရှိ ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုသင်တန်းကျောင်းတွင် တင်သွင်းနိုင်ပြီး ဧည့်လမ်းညွှန်လုပ်ကိုင်ခွင့် လိုင်စင်အဟောင်းမိတ္တူ၊ ဓာတ်ပုံ(၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတို့ကို သင်တန်းဝင်ခွင့်လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်သည်။

သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ပြီး သင်တန်းအောင်မြင်သူများအား ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဧည့်လမ်းညွှန်လုပ်ကိုင်ခွင့်လိုင်စင် ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက သင်တန်းကျောင်းရှိ ဖုန်း- ၀၁-၃၈၀၆၂၁ နှင့် ၀၁-၃၇၅၁၉၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တက္ကသိုလ် တောင်ငူဆောင်တွင် စာပေဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၄**

ရန်ကုန်တက္ကသိုလ် မြန်မာစာ ကျောင်းသားဟောင်းများအသင်းနှင့် ရန်ကုန်တက္ကသိုလ်(မြန်မာစာဌာန)တို့ ပူးပေါင်းဆောင်ရွက်သည့် မိုးရာသီစာပေလှူပ်ရှားမှုအဖြစ်လည်းကောင်း၊ အနန္တကျေးဇူးရှင်ဆရာကြီး ဦးဖေမောင်တင် ကြေးရုပ်တုဖြစ်မြောက်ရေးအတွက်လည်းကောင်း ရည်ရွယ်၍ စာပေဟောပြောပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ် မြန်မာစာခန်းမ တောင်ငူဆောင်(မြေညီထပ်)၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် ဆရာမောင်ခင်မင်(ဓနုဖြူ)က **'ဦးဖေမောင်တင်- တစ်ခေတ်မှာတစ်ယောက်'** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာလက်ျာရည်ကျော်က **'ကြိုးကြာတောင်ပံခတ်သံ၏ ဂီတ'** ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မိုးသောက်**

# ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော် အိန္ဒိယတပ်မတော် လေတပ်ဦးစီးချုပ်နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၄**

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်သည် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ အိန္ဒိယ တပ်မတော်လေတပ်ဦးစီးချုပ် Air Chief Marshal BS Dhanoa, PVSM, AVSM, YSM, VM, ADC အား ယနေ့နံနက်ပိုင်းတွင် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ဂုဏ်ပြုကြိုဆိုသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် အိန္ဒိယတပ်မတော် လေတပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံရာ မြန်မာ-အိန္ဒိယ လေတပ်နှစ်ရပ်အကြား ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ သင်တန်းသားများစေလွှတ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာများ အပြန်အလှန်ဖလှယ်ရေး၊ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။



**ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် အိန္ဒိယတပ်မတော် လေတပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။** ဓာတ်ပုံ-တပ်မတော်သတင်းစဉ်

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်အတူ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ထွန်းအောင်နှင့် တပ်မတော်(လေ)မှ အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယတပ်မတော် လေတပ်ဦးစီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး Colonel Naveen Mahajan နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း တပ်မတော်သတင်းစဉ်မှ သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

## ❐ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ

ထိုသို့တွေ့ဆုံရာတွင် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မြဲနေမှု အခြေအနေများ၊ နှစ်နိုင်ငံလေတပ်များအကြား အတွေ့အကြုံများဖလှယ်ရေးနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ လေပိုင်နက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုပါ ပိုမိုတိုးမြှင့်နိုင်သည့်အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယတပ်မတော် လေတပ်ဦးစီးချုပ်နှင့်အတူ အိန္ဒိယတပ်မတော်လေတပ်မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး Colonel Naveen Mahajan နှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်း တပ်မတော်သတင်းစဉ်မှ သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

## ❖ တစ်ဖက်နိုင်ငံမှ

မွန်းလွဲပိုင်းတွင် ပြန်လည်ဝင်ရောက်လာသူ မာမတ်ရှော်ရိပ်နှင့် မိသားစုဝင် ငါးဦးတို့သည် လှဖိုးခေါင်ယာယီနေရာချထားရေးစခန်းသို့ ရောက်ရှိရာ စခန်းတာဝန်ခံ ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ကူညီထောက်ပံ့ရေးပစ္စည်းများနှင့် စားနပ်ရိက္ခာများကို ပေးအပ်ပြီး ၎င်းတို့ခြောက်ဦးကို ရပ်ကွက်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ၎င်းတို့၏ဆွေမျိုးများထံသို့ ပြန်လည်လွှဲပြောင်းပေးပို့ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူ ခြောက်ဦးတွင် အမျိုးသား လေးဦးနှင့် အမျိုးသမီး နှစ်ဦးပါဝင်ပြီး ယခင်က မောင်တောမြို့နယ် မီးတိုက်ကျေးရွာအုပ်စု ရဲအောင်ချောင်းကျေးရွာတွင် နေထိုင်ခဲ့ကြသူများဖြစ်ကြကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ - ရာမညာ၊ မျိုးသူဟိန်း**

# မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ အစားထိုးဖွံ့ဖြိုးရေးရှေ့ပြေးစီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အောက်ရှိ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့၏ အစားထိုးဖွံ့ဖြိုးရေးရှေ့ပြေးစီမံကိန်း လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှု အဖွဲ့ဝင်ဌာနများ အနေဖြင့် အစားထိုးဖွံ့ဖြိုးရေးရှေ့ပြေးစီမံကိန်းလုပ်ငန်းများအား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများကို ပြန်လည်ဆန်းစစ်အကဲဖြတ်ခြင်း၊ ဘဏ္ဍာနှစ်အလိုက် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများ၊ ရန်ပုံငွေသုံးစွဲမှုအခြေအနေများ၊ အသေးစား လူထုအခြေပြု ပညာပေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြစေလိုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် နီးစပ်ရာမြို့နယ်များသာမက ဝေးလံခေါင်းပါးသည့် ကျေးရွာများအထိရောက်ရှိအောင် ကွင်းဆင်းဆောင်ရွက်ကြရေး၊ သက်ဆိုင်ရာ စီမံကိန်းကျေးရွာများရှိ ဒေသခံတိုင်းရင်းသားပြည်သူများက ပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် အစုအဖွဲ့ဖြင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့ဝင်ဌာနများ၏ ကိုယ်စားလှယ်များက အစားထိုးဖွံ့ဖြိုးရေးရှေ့ပြေးစီမံကိန်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် စီမံကိန်းလုပ်ငန်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ရန်ပုံငွေသုံးစွဲမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် အစားထိုးဖွံ့ဖြိုးမှုစီမံကိန်းအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ နှစ်နှစ်တာကာလအတွင်း ပင်လောင်းမြို့နယ် နောင်တရားဒေသအတွင်းရှိ စီမံကိန်းကျေးရွာအုပ်စု လေးအုပ်စုတွင် မြေလမ်း ၃၈/၃ မိုင်၊ ကတ္တရာလမ်း သုံးမိုင်၊ ကွန်ကရစ်တံတား လေးစင်း၊ Box Culvert ၆၂ စင်း၊ အမက ယာယီကျောင်းဆောင်/ သန့်စင်ခန်း ရှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ကိုးခု၊ စိမ့်စမ်းရေသွယ်ယူခြင်း ၂၆ မိုင်၊ အုတ်ရေကန် ခြောက်ကန်၊ စက်ရေတွင်း နှစ်တွင်း၊ အဝီစိတွင်း တစ်တွင်း၊ ဓာတ်အားလိုင်းသွယ်တန်းခြင်း သုံးလိုင်း၊ တိရစ္ဆာန်ထောက်ပံ့ခြင်း (ကြက်၊ ဝက်) အကောင် ၆၀၀၊ မွေးမြူရေးအထောက်အကူပြု ဟောပြောပွဲများ၊ အသက်မွေးသင်တန်းများ၊ သမဝါယမအသင်းဖွဲ့စည်းခြင်းများ၊ ကောက်ပဲသီးနှံဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် စီမံကိန်းလုပ်ငန်းများကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် မိတ်ဖက်အဖွဲ့အစည်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ပူးပေါင်း၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ■ မြန်မာ ယူ-၁၆ မှ

မြန်မာအမျိုးသမီးအသင်းသည် ရလဒ်ပိုင်းအရ ကျေနပ်စရာဖြစ်သော်လည်း ခြေစွမ်းနှင့် ကစားသမားတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်မှာ လိုအပ်ချက်များရှိနေ၍ ခြေစစ်ပွဲမတိုင်မီ ပြန်လည်ပြင်ဆင်နိုင်ရန် လိုအပ်နေသည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း၏ ပွဲထွက်လူစာရင်းတွင် ၂၀၁၈ အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် ဒုတိယရခဲ့သည့်အသင်းမှ ကစားသမားအများစု ပါဝင်လာသည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ပွဲအစတွင် ကစားကွက်တည်မရဖြစ်နေသော်လည်း ပြိုင်ဘက်စင်ကာပူအသင်း၏ ခြေစွမ်းမှာ သာမန်အောက်ရောက်နေသောကြောင့် ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ စင်ကာပူအသင်းသည် မြန်မာအသင်းကို တစ်ခါတစ်ရံသာ ထိုးဖောက်နိုင်ခဲ့ပြီး ရရှိခဲ့သည့် ချေပဂိုးနှစ်ဂိုးမှာလည်း မြန်မာဂိုးသမားအမှားကြောင့် ပေးလိုက်ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ၁၄ မိနစ်တွင် ဂိုးစရခဲ့ပြီး တိုက်စစ်မှူး ဆွေမာအောင်က ဂိုးစတင်သွင်းယူခဲ့ခြင်းဖြစ်သည်။ နှစ်မိနစ်အကြာတွင် ဆွေမာအောင်ကပင် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ မြန်မာအသင်းသည် နောက်ပိုင်းတွင်လည်း ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၂၃၊ ၃၆ မိနစ်တွင် မြတ်နိုးခင်၊ မိနစ် ၄၀ တွင် ဝင်းဝင်းတို့က ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ ၁၉ မိနစ်တွင် စင်ကာပူတိုက်စစ်မှူး ဒါနာလီက ချေပဂိုးတစ်ဂိုး ပြန်သွင်းသောကြောင့် ပထမပိုင်းတွင် မြန်မာအသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရနေသည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်းကသာ ဖိကစားနိုင်သော်လည်း တိုက်စစ်တွင် တစ်ကိုယ်တော်ထိုးဖောက်မှုများနေ၍ ထင်သလောက် မထိရောက်ခဲ့ပေ။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၅၂ မိနစ်တွင် ဝင်းဝင်း၊ ၆၀၊ ၈၇ မိနစ်တွင် ဆွေမာအောင်၊ ၇၃ မိနစ်တွင် မြတ်နိုးခင်တို့က သွင်းယူခဲ့သည်။ ၅၆ မိနစ်တွင် အာဒီနီက အဝေးကန်ချက်ဖြင့် စင်ကာပူအတွက် ဒုတိယဂိုး သွင်းယူခဲ့သည်။



**မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းမှ ဂျူလိုင်ချာ၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို စင်ကာပူနောက်ခံလူနှင့် ဂိုးသမားတို့ ကာကွယ်နေစဉ်။**

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းနှင့် စင်ကာပူ ယူ-၁၆ အမျိုးသမီးအသင်း၏ ဒုတိယခြေစမ်းပွဲကို စက်တင်ဘာ ၆ ရက် ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၄**

**စစ်တောင်းမြစ်**

ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

ကြေးမုံ



# ကမ္ဘာ့အကြောအဆစ်ကုပညာနေ့

**တင်လှိုင်စိုး၊ ဘွဲ့လွန်ကထိက(ငြိမ်း) (Physiotherapist)**

ဖီဆီအိုသရပီအကြောအဆစ်ကုပညာကို BC ၄၆၀ ခုနှစ် ဟစ်ပိုကရေးတီးခေတ်မှာ စတင်အသုံးပြုနေပါပြီ။ ၁၈၁၃ ခုနှစ်တွင် ဆွီဒင်နိုင်ငံသား ပါဟင်နရစ်က လေ့ကျင့်ခန်းများ ပြုပြင်ပေးခြင်းဖြင့် စတင်ကုသခဲ့ပါတယ်။ ၁၈၉၄ ခုနှစ်တွင် အင်္ဂလန်မှာ ဖီဆီအိုသရပီအကြောအဆစ်ကုပညာအသင်းကို စတင်ဖွဲ့စည်းခဲ့ပါတယ်။ နယူးဇီလန်တွင် ၁၉၁၃ ခုနှစ်၊ အမေရိကန်မှာ ၁၉၁၄ ခုနှစ်မှာ ဖွဲ့စည်းခဲ့ပါတယ်။ နိုင်ငံ ၁၁ နိုင်ငံမှ အကြောအဆစ်ကုပညာအသင်းရဲ့ ကိုယ်စားလှယ်တွေဟာ ဖီဆီအိုသရပီပညာတိုးတက်ရေးအတွက် စုပေါင်းဆောင်ရွက်ကြရန် ၁၉၅၁ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့မှာ အင်္ဂလန်မှာ အစည်းအဝေးပြုလုပ်ပါတယ်။ ဒီမှာပဲစတင်ပြီး ကမ္ဘာ့အကြောအဆစ်ကုပညာအဖွဲ့ (World Confederation for Physical Therapy) ကိုဖွဲ့စည်းခဲ့ပါတယ်။ ဒါကြောင့် စက်တင်ဘာလ ၈ ရက်နေ့ကို ကမ္ဘာ့အကြောအဆစ်ကုပညာနေ့လို့ သတ်မှတ်ခဲ့ပါတယ်။ နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့မှာ ကမ္ဘာ့အကြောအဆစ်ကုပညာနေ့ကို ကျင်းပကြပါတယ်။

**နှစ်စဉ်ကျင်းပရတဲ့ရည်ရွယ်ချက်**

(၁) အကြောအဆစ်ကုပညာရှင်များ၏ အသုံးဝင်မှုတန်ဖိုးကို သိရှိရန်၊ တစ်နည်းအားဖြင့် အကြောအဆစ်ကုပညာရှင်များ၏ လုပ်ငန်းဖြစ်သည့် အမြင့်ဆုံးလှုပ်ရှားမှုနှင့် ခန္ဓာကိုယ်ကြီး၏ စွမ်းဆောင်မှု၊ ဘဝတန်ဖိုး အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်နေကြောင်း ပြည်သူလူထုသိရှိစေရန်၊

(၂) ပြည်သူလူထုအနေဖြင့် အကြောအဆစ်ကုပညာရှင်များနှင့် တိုက်ရိုက်ပြသကုသနိုင်ပါကြောင်း၊ တိုင်ပင်ဆွေးနွေးနိုင်ပါကြောင်း သိရှိရန်၊

(၃) အကြောအဆစ်ကုပညာရှင်များ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်၊

(၄) အကြောအဆစ်ကုပညာအသင်းမှ မူဝါဒများချမှတ်နိုင်ရန်၊ ပညာရပ်ဆိုင်ရာ တိုးတက်မှုများရှိအောင် ဆောင်ရွက်ရန်၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်တို့ဖြစ်ပါတယ်။

အင်္ဂလန်နှင့် အချို့နိုင်ငံများက Physiotherapy ဟုခေါ်ပါတယ်။ အမေရိကန်နဲ့ အခြားနိုင်ငံများကတော့ Physical Therapy လို့ခေါ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ Physiotherapy လို့ပဲခေါ်ပါတယ်။ မြန်မာလိုတော့ အကြောအဆစ်ကုပညာ၊ ခန္ဓာသန်စွမ်းမှုနည်းပညာ၊ ကာယကုသမှုပညာ စသဖြင့် အမျိုးမျိုးခေါ်ကြပါတယ်။ လူသိနည်းပါသေးတယ်။ အခြားအကြောအဆစ်ကုပညာတွေနဲ့ ကွဲပြားသိအောင် စာရေးသူကတော့ ဖီဆီအိုသရပီအကြောအဆစ်ကုပညာလို့ပဲ ခေါ်ပါတယ်။

**ဖီဆီအိုသရပီအကြောအဆစ်ကုပညာဆိုသည်မှာ**

ဖီဆီအိုသရပီအကြောအဆစ်ကုပညာဟာ ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့ ဆေးပညာရပ်တစ်မျိုးဖြစ်ပါတယ်။ လူတစ်ဦး၏လှုပ်ရှားမှုနှင့် ခန္ဓာကိုယ်၏စွမ်းရည်အမြင့်ဆုံး၊ အကောင်းဆုံးဖြစ်ပါတယ်၊ လူ့ဘဝတန်ဖိုး အမြင့်ဆုံးဖြစ်အောင် ကုသပေးရသောပညာရပ်ဖြစ်ပါတယ်။

ထိခိုက်ဒဏ်ရာရခြင်း၊ ရောဂါဝေဒနာဖြစ်ပါတယ်၊ အသက်အရွယ်ကြီးရင့်လာခြင်း၊ ပတ်ဝန်းကျင်အခြေအနေ၊ ကံစိတ်ဥတုအာဟာရတို့ကြောင့် ကျန်းမာရေးထိခိုက်နိုင်ပါတယ်။ အကြောအဆစ်ကုပညာဖြင့် ကျန်းမာရေးမြှင့်တင်ပေးခြင်း၊ ထိခိုက်ဒဏ်ရာနှင့် ရောဂါဘယတို့မှ ကာကွယ်ခြင်း၊ ကုသခြင်း၊ ထိန်းသိမ်းခြင်း၊ အလေ့အကျင့်ဖြစ်စေခြင်း၊ ပြန်လည်ထူထောင်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ပါတယ်။

**ကုသနည်း**

ဖီဆီအိုသရပီပညာရပ်ဖြင့် ကုသနည်းကတော့ လေ့ကျင့်ခန်းပြုပြင်ပေးခြင်း၊ လျှပ်စစ်ဖြင့်ကုသခြင်း၊ အသံလှိုင်းဖြင့်ကုသခြင်း၊ အပူအအေးဖြင့်ကုသခြင်း၊ လေဆာ၊ အနီအောက်၊ ခရမ်းလွန်ရောင်ခြည်များဖြင့်ကုသခြင်း၊ အပ်စိုက်ကုသခြင်း၊ စက်ကိရိယာထောက်ကူပြုကိရိယာများ၊ အားပြုကိရိယာများဖြင့် ကုသခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းတို့ဖြင့် ကုသပေးပါတယ်။

ဖီဆီအိုသရပီအကြောအဆစ်ကုပညာရှင်များဟာ အမြဲတမ်းကြိုးစားအားထုတ်ပြီး နည်းပညာတွေတိုးတက်အောင် ဆောင်ရွက်နေကြပါတယ်။ ဒါကြောင့် ကျန်းမာရေးစောင့်ရှောက်မှု ပိုပြီးပေးနိုင်လာပါတယ်။ ကုသနိုင်ခွင့်တွေလည်း တိုးတက်လာပါတယ်။ အခက်အခဲအတားအဆီးများစွာကို ကျော်ဖြတ်ခဲ့ရပြီး ၁၉၇၇ ခုနှစ်မှာ လူနာကို တိုက်ရိုက်ကြည့်ရှုကုသခွင့် ရရှိလာပါတယ်။ အင်္ဂလန်နိုင်ငံမှာ ၂၀၁၂ ခုနှစ်ကစပြီး အချို့သောဆေးဝါးများကို ညွှန်းပိုင်ခွင့်ပြုထားပါပြီ။ တိုးတက်တဲ့နိုင်ငံတွေမှာရှိတဲ့ အကြောအဆစ်ကုပညာရှင်တွေဟာ ကိုယ်တိုင်လွတ်လပ်စွာဆုံးဖြတ်ပြီး လူနာကိုတိုက်ရိုက်ကုသနိုင်ပါတယ်။ လူနာကိုယ်တိုင် တိုက်ရိုက်ပြသပြီး ကုသမှုခံယူနိုင်ပါတယ်။

**ကုသပေးသည့်နယ်ပယ်များ**

အရိုး၊ အကြော၊ အဆစ်နှင့်ဆိုင်သော ရောဂါများ၊ အားကစားနှင့် ထိခိုက်ဒဏ်ရာဝေဒနာများ၊ လေးဖက်နာ၊ ကျီးပေါင်း၊ အရိုးကျိုးခြင်း၊ လက်ကပ်ခြင်း စသည့်ဝေဒနာများ၊ ဦးနှောက်နှင့် အာရုံကြောဝေဒနာများ၊ လေဖြတ်၊ အကြောညပ်စသည့်ဝေဒနာများ၊ ကလေးရောဂါများ၊ နှလုံးနှင့် သွေးကြောဝေဒနာ၊ အဆုတ်ရောဂါဝေဒနာများ၊ အထွေထွေခွဲစိတ်လူနာများ၊ သွေးတိုး၊ ဆီးချို၊ အထွေထွေအားနည်းသည့် ရောဂါများ၊ အမျိုးသမီးရောဂါများ၊ သားအိမ်ရောင်ခြင်း၊ ဆီးမထိန်းနိုင်ခြင်း၊ ကြွက်သားများအားနည်းခြင်း၊ အမျိုးသားရောဂါများ၊ အရေပြားရောဂါအချို့၊ ကင်ဆာဝေဒနာ၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး စသည်တို့တွင် အထူးကုဆရာဝန်များနှင့် တွဲဖက်၍လည်းကောင်း၊ အကြောအဆစ်ကုပညာရှင် တစ်ဦးတည်းကလည်းကောင်း လိုအပ်သလို ကုသပေးပါတယ်။ ရပ်ရွာလူထုအတွင်း မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေး၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှု၊ ကျောင်းကျန်းမာရေးတို့တွင်လည်း ပါဝင်ဆောင်ရွက်နေကြပါပြီ။ ဖီဆီအိုသရပီပညာဟာ ကိုယ်ဝန်ဆောင်ချိန်မှ သေဆုံးသည်အထိ သက်ဆိုင်ပါတယ်။

**ဆောင်ပုဒ်**

အကြောအဆစ်ကုပညာအသင်းရဲ့ ဆောင်ပုဒ်ကတော့ "Movement for Life" "သက်ရှည်ကျန်းမာဖို့ ကိုယ်လက်လှုပ်ရှားစို့" ဖြစ်ပါတယ်။ နှစ်စဉ်လူဦးရေ နှစ်သန်းကျော်ဟာ ကိုယ်လက်လှုပ်ရှားမှုနည်းလို့ သေဆုံးကြရပါတယ်။ အရွယ်ရောက်သူတို့ရဲ့ ၂၃ ရာခိုင်နှုန်း၊ ကျောင်းသူ ကျောင်းသားများရဲ့ ၈၁ ရာခိုင်နှုန်းခန့်ဟာ လုံလောက်သော လှုပ်ရှားမှုမရှိကြောင်း သိရပါတယ်။ ကျောင်းနေအရွယ်ကလေးတွေမှာလည်း အဝလွန်သူအရေအတွက်ဟာ ၄၁ သန်းကျော်ရှိပြီး အာရှတိုက်မှာ ပိုများတယ်လို့ ဆိုပါတယ်။ မြို့ပေါ်မှ ကလေးများဟာ တောရွာမှ ကလေးများထက် အဝလွန်ရောဂါဖြစ်ကြောင်း တွေ့ရပါတယ်။ လူကြီးများမှာလည်း လှုပ်ရှားမှုနည်းလို့ အဝလွန်ရောဂါ ဖြစ်ကြပါတယ်။

> ❛ နှစ်စဉ်လူဦးရေ နှစ်သန်းကျော်ဟာ ကိုယ်လက်လှုပ်ရှားမှုနည်းလို့ သေဆုံးကြရပါတယ်။ အရွယ်ရောက်သူတို့ရဲ့ ၂၃ ရာခိုင်နှုန်း၊ ကျောင်းသူ ကျောင်းသားများရဲ့ ၈၁ ရာခိုင်နှုန်းခန့်ဟာ လုံလောက်သော လှုပ်ရှားမှုမရှိကြောင်း သိရပါတယ်။ ကျောင်းနေအရွယ်ကလေးတွေမှာလည်း အဝလွန်သူအရေအတွက်ဟာ ၄၁ သန်းကျော်ရှိပြီး အာရှတိုက်မှာ ပိုများတယ်လို့ ဆိုပါတယ်။ မြို့ပေါ်မှ ကလေးများဟာ တောရွာမှ ကလေးများထက် အဝလွန်ရောဂါဖြစ်ကြောင်း တွေ့ရပါတယ် ❜

ကူးစက်ရောဂါမဟုတ်သည့် သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါတွေဖြစ်ကြပါတယ်။ အရိုးပွခြင်း၊ ကြွက်သားအားနည်းခြင်း၊ အဆစ်ခိုင်ခြင်း၊ ခုခံမှုနည်းလာပြီး ကူးစက်ရောဂါ ဖြစ်လွယ်ခြင်း၊ အစာမကြေခြင်း၊ ဝမ်းချုပ်၊ ဆီးချုပ်ဖြစ်ခြင်း၊ ဦးနှောက်အာရုံကြောများ စွမ်းဆောင်ရည်ကျလာခြင်း၊ ကင်ဆာရောဂါဖြစ်ခြင်း စတဲ့ ဆိုးကျိုးတွေများစွာရှိပါတယ်။

လေ့ကျင့်ခန်းနှင့် ကိုယ်လက်လှုပ်ရှားခြင်းဖြင့် ရောဂါကိုကာကွယ်နိုင်ပါတယ်၊ ကုသပေးနိုင်ပါတယ်၊ ပြန်လည်ထူထောင်ပေးနိုင်ပါတယ်၊ ကျန်းမာမှုအလုပ်လုပ်နိုင်ပြီး စီးပွားရေးကောင်းမွန်လာမည်၊ လူမှုရေး၊ ကုသိုလ်ရေးတွေကို လုပ်နိုင်ပါမယ်။ ဒါမှ ဘဝအရည်အသွေးလည်း တိုးတက်လာမည်ဖြစ်ပါတယ်။ သို့သော်လည်း ကျန်းမာရေးအတွက် ဘယ်လိုလေ့ကျင့်ခန်းတွေ လုပ်ရမလဲ၊ ဘယ်လောက်ကြာလုပ်ရမလဲ၊ ဘယ်နှကြိမ်လုပ်ရမလဲ၊ ဘယ်လောက်ပမာဏနဲ့ လုပ်ရမလဲ၊ ကိုယ့်ရည်ရွယ်ချက်မိမိရောဂါနှင့် ချင့်ချိန်ရပါမယ်။ ဒါတွေကိုတော့ ဖီဆီအိုသရပီအကြောအဆစ်ကုပညာရှင်တွေနဲ့ ဆွေးနွေးတိုင်ပင်ပြီး လုပ်ဖို့လိုပါတယ်။

**နိဂုံးချုပ်**

မြန်မာနိုင်ငံအကြောအဆစ်ကုပညာအသင်း (Myanmar Physiotherapy Association)သည် ကမ္ဘာ့အကြောအဆစ်ပညာအဖွဲ့ကြီး၏ အကြိုအဖွဲ့ဝင်အသင်းဖြစ်သဖြင့် နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့တွင် ကမ္ဘာ့အကြောအဆစ်ကုပညာနေ့ကို ကျင်းပပါတယ်။ အဖွဲ့ဝင်အသင်းဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ၏ ဖီဆီအိုသရပီအကြောအဆစ်ကုပညာ အဆင့်အတန်းမြင့်မားရေးတို့ကို ဆောင်ရွက်နေပါတယ်။

အကြောအဆစ်ကုပညာရှင်များဟာ နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ အားကစားတို့တွင် ကျန်းမာရေးမြှင့်တင်မှု၊ ရောဂါနှင့် ထိခိုက်ဒဏ်ရာများမှ ကာကွယ်ရေး၊ ကုသရေး၊ ပြန်လည်ထူထောင်ရေးတွေကို တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူလူထုအနေဖြင့် မိမိတို့၏ ကျန်းမာသက်ရှည်ရေး၊ လှုပ်ရှားမှုနှင့် ခန္ဓာကိုယ်၏ စွမ်းဆောင်ရည်အမြင့်ဆုံးရရှိရေးနှင့် ဘဝအရည်အသွေးမြင့်မားရေးတို့အတွက် ဖီဆီအိုသရပီအကြောအဆစ်ကုပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်လုပ်ဆောင်နိုင်ကြောင်း တင်ပြအပ်ပါတယ်။ ။

# စာအုပ်စာစောင် ချစ်မြတ်နိုးသူအသင်း စာဖတ်ဝိုင်းပြုလုပ်

**မင်းဘူး စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာအုပ်စာစောင် ချစ်မြတ်နိုးသူအသင်းက ကြီးမှူး၍ စာဖတ်ဝိုင်းကို စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ပြုလုပ်ခဲ့သည်။

စာဖတ်ဝိုင်းတွင် ရှေးဦးစွာ မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးသန်းဌေးက စာပေဝါသနာရှင်များအချင်းချင်း အသိပညာဗဟုသုတများ အပြန်အလှန်ဆွေးနွေးမျှဝေတတ်သော အလေ့အကျင့်ကောင်းများ ရရှိလာစေရန်နှင့် ပြည်သူများစာပေလေ့လာဖတ်ရှုမှု ပိုမိုတိုးတက်လာပြီး အသိပညာဗဟုသုတများတိုးပွားလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာအုပ်စာစောင် ချစ်မြတ်နိုးသူအသင်း တက်ရောက်လာသူများက စာရေးဆရာအောင်သင်း၏ "နှလုံးသားကိုလေးပေါ်တင်၍ ပစ်သောအခါ" စာအုပ်ကို ဖတ်ကြားဆွေးနွေးခဲ့ရာ အဆိုပါစာအုပ်မှ ကံဆိုးတိုင်း မိုးမမှောင်ပါ၊ ခွန်အားစွမ်းပကားကြီးသောသူ၊ စွန့်လွှတ်ခြင်းနှင့် စွန်လွှတ်ခြင်း၊ နှလုံးသားကိုလေးပေါ်တင်၍ ပစ်သောအခါ၊ အတွေ့နဲ့အတွေးစသည့် အကြောင်းအရာများကို တစ်ဦးချင်း မိမိနှစ်သက်ရာ အချက်အလက်များကို ဆွေးနွေးပြောကြားခဲ့ကြပြီး သိရှိလိုသည်များကို အပြန်အလှန် ဆွေးနွေးပြောကြားခဲ့ကြသည်။

အဆိုပါ စာဖတ်ဝိုင်းသို့ မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာမှ ဝန်ထမ်းများနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူအသင်းမှ တာဝန်ရှိသူများတက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**



# မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာဘေးကင်းလုံခြုံရေး အလေ့အကျင့်ကောင်းများ တိုးတက်လာစေရန် IFC နှင့် UMFCCI တို့ သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုး

**နေပြည်တော် စက်တင်ဘာ ၄**

မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာဘေးကင်းလုံခြုံရေး အလေ့အကျင့်ကောင်းများ တိုးတက်လာစေရန်၊ စိုက်ပျိုးရေးလုပ်ငန်းကို အထောက်အပံ့ပြုရန်နှင့် ပို့ကုန်တိုးမြှင့်ရန် ကမ္ဘာ့ဘဏ်အုပ်စု၏ အဖွဲ့ဝင်ဖြစ်သော International Finance Corporation (IFC) နှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့သည် သဘောတူညီချက်တစ်ရပ်ကို ယနေ့ လက်မှတ်ရေးထိုးကြကြောင်း သိရသည်။

"မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍမှာ ကမ္ဘာ့အဆင့်မီ စားနပ်ရိက္ခာဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှုစနစ်တွေကို ကျင့်သုံးဖို့ စိတ်အားထက်သန်နေပါတယ်"ဟု UMFCCI မှ ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

"မြန်မာနိုင်ငံက နိုင်ငံတကာအသိအမှတ်ပြု စားနပ်ရိက္ခာ ဘေးကင်းလုံခြုံရေးစနစ်တွေကို အကောင်အထည်ဖော်နေတဲ့ IFC ရဲ့ ကျွမ်းကျင်မှုကနေ အကျိုးကျေးဇူးရရှိနေတဲ့ ဒေသတွင်းနိုင်ငံတွေဖြစ်တဲ့ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်လို အခြားနိုင်ငံတွေနဲ့ ချိတ်ဆက်နိုင်မှာ ဖြစ်ပါတယ်။ စားနပ်ရိက္ခာဘေးကင်းလုံခြုံရေးစနစ်တွေနဲ့ အလေ့အကျင့်ကောင်းတွေကို အကောင်အထည်ဖော်ခြင်းက စားနပ်ရိက္ခာလုပ်ငန်းတွေကို လုပ်ငန်းထိရောက်မှု တိုးတက်လာစေဖို့နဲ့ ကုန်ကျစရိတ် လျှော့ချပေးနိုင်ဖို့ ကူညီပေးပြီး ပိုမိုအားကောင်းတဲ့ အမှတ်တံဆိပ်တန်ဖိုးကို တည်ဆောက်ပေးကာ မြန်မာနိုင်ငံအနေနဲ့ ဈေးကွက်သစ်တွေထဲမှာ အခွင့်အလမ်းကောင်းများစွာကို ရရှိခံစားနိုင်မှာ ဖြစ်ပါတယ်"ဟု အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ IFC ဒါရိုက်တာ vivek Pathak က ပြောကြားသည်။

မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဘေးကင်းလုံခြုံရေး အလေ့အကျင့်များ တိုးတက်လာစေခြင်း၊ စည်းမျဉ်းဥပဒေများ ပြုပြင်ပြောင်းလဲခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍ တိုးတက်စေခြင်းတို့နှင့်စပ်လျဉ်း၍ IFC ၏ အကြံပြုမှုကို ဩစတြေးလျ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာန၊ ယူကေ၏ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ဂျပန်အစိုးရတို့က ပံ့ပိုးထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# SMEs လုပ်ငန်းရှင်များသို့ သတင်းထုတ်ပြန်ချက်

**မြန်မာ့စီးပွားရေးဘဏ်သည် SMEs လုပ်ငန်းများအား ဘဏ္ဍာငွေပံ့ပိုးကူညီရန် JICA မှ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ (ODA) ချေးငွေရယူ၍ SME နှစ်ဆင့် ချေးငွေစီမံကိန်း အဆင့်-၁ (Phase-1)နှင့် အဆင့်-၂ (Phase-2) တို့တွင် စီမံကိန်းစီမံခန့်ခွဲသူ (Executing Agency) အဖြစ် တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။**

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းတွင် အကျုံးဝင်သော SMEs လုပ်ငန်းများ**

၂၀၁၅ ခုနှစ် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ-၂ (က)၊ (ခ) တွင် ပါရှိသည့် SME သတ်မှတ်ချက်နှင့် ညီညွတ်သည့် အောက်ဖော်ပြပါ SME လုပ်ငန်းများ ချေးငွေရယူနိုင်ပါသည် -

(က) ကုန်ထုတ်လုပ်မှုလုပ်ငန်း
(ခ ) လုပ်သားအခြေပြုလုပ်ငန်း
(ဂ ) လက်လီရောင်းဝယ်ရေးလုပ်ငန်း
(ဃ) လက်ကားရောင်းဝယ်ရေးလုပ်ငန်း
(င ) ဝန်ဆောင်မှုလုပ်ငန်း
(စ ) အခြား

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းတွင် အကျုံးမဝင်သော လုပ်ငန်းများ**

(က) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရယူရန် အရည်အသွေးပြည့်မီမှုရှိသော လယ်သမားများ
(ခ) အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ
(ဂ) ဘဏ္ဍာရေးနှင့် အာမခံလုပ်ငန်း
(ဃ) အဖိုးတန်သတ္တုရောင်းဝယ်ရေးလုပ်ငန်းများ
(င) အရက်ဆိုင်များနှင့် ပျော်ပွဲစားရုံလုပ်ငန်း
(စ) ဖြေဖျော်မှု၊ တင်ဆက်မှု (နိုင်ငံခြားခရီးသွားလုပ်ငန်းမပါ) လုပ်ငန်း
(ဆ) လက်နက်၊ ခဲယမ်းထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်း စသည့်လုပ်ငန်းများအား ငွေထုတ်မချေးပါ။

| စဉ် | **JICA SME နှစ်ဆင့်ချေးငွေစီမံကိန်း ချေးငွေထုတ်ချေးခြင်းအတွက် သတ်မှတ်ချက်** | |
|---|---|---|
| ၁ | SME လုပ်ငန်းတစ်ခုသို့ ထုတ်ချေးနိုင်သည့် ငွေပမာဏ | အများဆုံးကျပ် (၅၀၀) သန်း |
| ၂ | ချေးငွေအား အသုံးပြုရာတွင် သတ်မှတ်ချက် | Fixed Capital အတွက် ၈၀% |
| | | Working Capital အတွက် ၂၀ % |
| ၄ | ချေးငွေအတိုးနှုန်း | ၁ နှစ်လျှင် ၈. ၅ % |
| ၅ | ချေးငွေသက်တမ်း | ၁ နှစ် အထက်မှ ၅ နှစ်ထိ |

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းအဆင့်-၁ (Phase-1) တွင် ချေးငွေရယူရန် ဆက်သွယ်လျှောက်ထားနိုင်သည့်ဘဏ်များမှာ -**

(၁) အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်
(၂) မြန်မာ့ရှေ့ဆောင်ဘဏ်
(၃) မြန်မာနိုင်ငံသားများဘဏ်
(၄) ဧရာဝတီဘဏ်
(၅) ကမ္ဘောဇဘဏ်
(၆) သမဝါယမဘဏ်

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းအဆင့်-၂ (Phase-2) ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်**

JICA SME Two-Step Loan စီမံကိန်းဒုတိယအဆင့် (Phase-2) တွင် ချေးငွေဂျပန်ယန်း (၁၄၉၄၉) သန်း ချေးယူရန် (၂၂-၂-၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးနဝမနေ့၌ အတည်ပြုခဲ့ပြီးဖြစ်ပါသဖြင့် ချေးငွေစာချုပ် (Loan Agreement)အား (၂၉-၃-၂၀၁၈) ရက်နေ့တွင် ချုပ်ဆိုခဲ့ပါသည်။ ယခုအခါ စီမံကိန်းအဆင့်-၂ အကောင်အထည်ဖော်ဆောင်ရွက်ရန် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့်အဖွဲ့အစည်း Participating Financial Institutions(PFIs) ဘဏ်များအဖြစ် (၁) မြန်မာနိုင်ငံသားများဘဏ်၊ (၂)ကမ္ဘောဇဘဏ်၊ (၃)မြန်မာ့စီးပွားရေးဘဏ်၊ (၄) သမဝါယမဘဏ်၊ (၅) ဧရာဝတီဘဏ်၊ (၆) ပထမပုဂ္ဂလိကဘဏ်နှင့် (၇) ယူနိုက်တက်အမရဘဏ်တို့ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၌ (၂-၈-၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ချေးငွေရရှိရေးလုပ်ငန်း (Working Committee)က အတည်ပြုရွေးချယ်ခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွင်း ချေးငွေ ဂျပန်ယန်း ၃ ဘီလီယံနှင့် ညီမျှသော မြန်မာကျပ် ၃၆ ဘီလီယံခန့်အား ရွေးချယ်ထားသည့် PFIs ဘဏ်(၇) ခုမှတစ်ဆင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း (SMEs)များသို့ ထုတ်ချေးသွားမည်ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဂျပန်ယန်း (၁၁. ၅) ဘီလီယံ **(မြန်မာကျပ် (၁၅၁. ၆၈၅) ဘီလီယံခန့်)**ကို ချေးငွေထုတ်ချေးသွားရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၄**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ရိုက်တာသတင်းထောက် ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့အား ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၉/၂၀၁၈) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက် ကိုသက်ဦးမောင် (ခ) ကိုဝလုံးနှင့် ကိုကျော်စိုးဦး (ခ) ကိုမိုးအောင်တို့ နှစ်ဦးအား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးမှ ထောင်ဒဏ် ၇ နှစ်ချမှတ်ခဲ့သည်ဟု သိရှိရပါကြောင်း၊ ထိုကဲ့သို့ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ကော်မရှင်အနေဖြင့် မိမိတို့မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥပဒေအရ တစ်စုံတစ်ရာ မှတ်ချက်ပြုရန် မရှိပါကြောင်း၊ သို့ရာတွင် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပြည်တွင်း ပြည်ပမှ ပြင်းထန်စွာ ဝေဖန်ကန့်ကွက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်းကိုလည်း သိရှိရပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုပါကိစ္စကို နိုင်ငံတော်အတွက် ရှုထောင့်ပေါင်းစုံမှ အလေးထားစဉ်းစားပေးပါရန်နှင့် အယူခံတက်ခွင့်၊ ရှေ့နေနှင့်တွေ့ဆုံခွင့် အပါအဝင် ၎င်းတို့၏ လူ့အခွင့်အရေးများကို ရရှိခံစားနိုင်ရေးအတွက် အလေးထားဆောင်ရွက်ပေးပါရန် တိုက်တွန်းအပ်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

**သတင်းစဉ်**

# ဓာတ်အားလုံလောက်စွာပေးနိုင်ရန် ထရန်စဖော်မာဝန်အား တိုးမြှင့်လဲလှယ်

**ညောင်လေးပင် စက်တင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံ၌ စက်တင်ဘာ ၄ ရက် နံနက် ၆ နာရီက ထရန်စဖော်မာ ဝန်အားတိုးမြှင့်လဲလှယ်ခြင်းလုပ်ငန်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ ဝန်အားတိုးမြှင့်ခြင်းသည် လျှပ်စစ်ဓာတ်အား အသုံးပြုမှုများပြားလာသည့်အတွက် ဝန်အားနိုင်နင်းစေရန်နှင့် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံချက်(NEP) ဖြင့် ကျေးရွာများ လျှပ်စစ်ဓာတ်အားထပ်တိုးသုံးစွဲနိုင်ရေးအတွက် ဓာတ်အားလုံလောက်စွာ ပေးနိုင်ရန် ၁၀ MVA ထရန်စဖော်မာအား 20 MVA ထရန်စဖော်မာဖြင့် ဝန်အားတိုးမြှင့်လဲလှယ်ခြင်းဖြစ်ကြောင်း ညောင်လေးပင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးမောင်စိုးထံမှ သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီး(အရှေ့) တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကျော်ဟိန်း၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများနှင့် လိုင်းဝန်ထမ်းများ စုစုပေါင်း အင်အား ၄၀ ကျော်ဖြင့် ထရန်စဖော်မာဝန်အားတိုး လဲလှယ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဆွာချောင်းရေကြီးမှုကြောင့် ငါးရက်အတွင်း ရန်ကုန်-မန္တလေး ရထားစီးခရီးသည်ပေါင်း ၄၀၀၀ ကျော် တပ်မတော်မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့

**ရေတာရှည် စက်တင်ဘာ ၄**

ရေတာရှည်မြို့နယ် ဆွာမြို့နှင့် ကုန်ကြီးဘူတာအကြား ရထားလမ်းပိုင်းမှာ ယခုတိုင်ပြုပြင်ဆဲဖြစ်ကာ ရန်ကုန်ဘက်မှလည်းကောင်း၊ မန္တလေးဘက်မှလည်းကောင်း ရထားဖြင့်လာကြသည့် ခရီးသည်များအား ရေတာရှည်မြို့နှင့် ဆွာမြို့အကြား တပ်မတော်မှ ခရီးသည်တင် BUS ရှစ်စီးဖြင့် ခေါက်တုံ့ခေါက်ပြန်ပြေးဆွဲပေးလျက်ရှိရာ ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၄ ရက် နံနက်ပိုင်းအထိ ခေါက်ရေ ၈၈ ခေါက်၊ ခရီးသည်ပေါင်း ၄၀၅၀ ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း မြန်မာ့မီးရထားမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးကျော်စိုးလင်းဦးက ပြောသည်။

ရေနောက်မျောပါပျက်စီးသွားခဲ့သော ရထားလမ်းပိုင်းနှင့် တံတားတစ်စင်းတို့အား အစားထိုးတပ်ဆင်ပြီး အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် စက်ယန္တရားများအပါအဝင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာ့မီးရထား ဝန်ထမ်းများက နေ့ရောညပါ လုပ်ဆောင်လျက်ရှိသည်။ စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ဆွာမြို့နှင့် ဆွာချောင်းတံတားအကြား အဆန် လမ်းပိုင်းအား ဘက်ဟိုးယာဉ်နှစ်စီးဖြင့် ရထားလမ်းပြန်လည်ရွှေ့ပြောင်းခြင်း၊ ကျောက်ကြီးများဖြင့် ထည့်တင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ မကြာမီရက်ပိုင်းအတွင်း အမြန်ရထားများအနေဖြင့် အဆန်လမ်းပိုင်းမှ သွားလာနိုင်တော့မည်ဖြစ်ကြောင်း မြန်မာ့မီးရထားဌာန ရထားလမ်းပိုင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**



ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းထံ ရန်ကုန်မြို့ ရန်ကုန်မေမန်ဂျမသ် (လူမှုရေးအသင်း)မှ အတွင်းရေးမှူး ဦးရဲမင်းဇော်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ အသင်း၏ လူမှုရေးဆိုင်ရာ လှူဒါန်းငွေကျပ် တစ်ဆယ့်သုံးသိန်းငါးသောင်းကျပ်ကို ဩဂုတ် ၃၁ ရက်က ပေးအပ်လှူဒါန်းစဉ်။ နေသစ်ဦး

# မြန်မာအသင်းယှဉ်ပြိုင်မည့် အာရှ ယူ-၂၀ ဖူဆယ်ပြိုင်ပွဲ ခြေစစ်ပွဲကို ငါးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၄**
အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉ ခုနှစ်တွင် ကျင်းပမည့် အာရှယူ-၂၀ ဖူဆယ်ပြိုင်ပွဲ၏ ခြေစစ်ပွဲများကို ဒီဇင်ဘာလတွင် ဇုန်အလိုက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အာဆီယံဇုန်မှ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာဆီယံဇုန်တွင် ပြိုင်ပွဲဝင်ငါးသင်းသာရှိသောကြောင့် အုပ်စုမခွဲဘဲ ငါးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည် ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှ ယူ-၂၀ ဖူဆယ်ပြိုင်ပွဲကို ၂၀၁၇ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ပထမဆုံးကျင်းပသည့်နှစ်တွင် ခြေစစ်ပွဲကျင်းပခြင်း မရှိသော်လည်း ၂၀၁၉ ခုနှစ်အတွက်မူ ခြေစစ်ပွဲကျင်းပမည်ဖြစ်ကာ ဇုန်လေးခုခွဲ၍ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာဆီယံဇုန်တွင် မြန်မာအသင်းနှင့်အတူ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားတို့ ငါးသင်းပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အရှေ့အာရှဇုန် အုပ်စု(က)တွင် ဂျပန်၊ ဟောင်ကောင်၊ မကာအို၊ အုပ်စု(ခ)တွင် မွန်ဂိုလီးယား၊ တရုတ်၊ တရုတ်(တိုင်ပေ)၊ အနောက်အာရှဇုန် အုပ်စု(က)တွင် လက်ဘနွန်၊ ဆော်ဒီအာရေဗျ၊ ကူဝိတ်၊ အုပ်စု(ခ)တွင် အီရတ်၊ ယူအေအီး၊ ဆီးရီးယား၊ အရှေ့အလယ်ပိုင်းဇုန်တွင် အာဖဂန်နစ္စတန်၊ အီရန်၊ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ တာ့ခ်မင်နစ္စတန်အသင်းတို့ ပါဝင်နေသည်။ ဇုန်လေးခုတွင် အာဆီယံဇုန်၊ အနောက်အာရှဇုန်၊ အရှေ့အလယ်ပိုင်းဇုန်တို့မှ သုံးသင်းစီ၊ အရှေ့အာရှဇုန်မှ နှစ်သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲကို အိမ်ရှင်အသင်း အပါအဝင် စုစုပေါင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ-၂၀ ဖူဆယ်အသင်းကို ပြီးခဲ့သည့် မတ်လကကျင်းပခဲ့သည့် MFF Open Cup ဖူဆယ်ပြိုင်ပွဲမှ ခြေစွမ်းပြသည့် ကစားသမားများဖြင့် ဖွဲ့စည်းထားပြီး ကစားသမားအများစုမှာ ဖူဆယ်လိဂ်ပြိုင်ပွဲပင် ယှဉ်ပြိုင်ဖူးသည့်အတွေ့အကြုံမရှိသောကြောင့် ကစားသမားများအတွေ့အကြုံရစေရန် လက်ရှိကျင်းပနေသည့် ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ မြန်မာ ယူ-၂၀ ဖူဆယ်အသင်းကို ကစားသမား ၂၀ ဖြင့် ဖွဲ့စည်းထားပြီး နည်းပြအဖြစ် ဦးတင်မောင်ဌေးက ကိုင်တွယ်လျက်ရှိသည်။

**ရှိုင်းထက်ဇော်**

# နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးနှင့်ဆောင်းပါးပြိုင်ပွဲဆုရစာရင်း ထုတ်ပြန်

**ရန်ကုန် စက်တင်ဘာ ၄**
၂၀၁၈ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့်ဆောင်းပါးပြိုင်ပွဲများကို စာတတ်မြောက်ရေးနှင့်ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့ကကြီးမှူးကျင်းပခဲ့ရာ ဆုရသူများစာရင်းကို စက်တင်ဘာ ၃ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာသည်။

ဆောင်းပါးပြိုင်ပွဲတွင် ပထမဆု မလေးခင်(ဟသ်ာတ)၊ ဒုတိယဆု မောင်မောင်တင်(မြင်းမူ)၊ တတိယဆု အောင်အောင် (စတုတ္ထနှစ်အင်္ဂလိပ်စာ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)နှင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု ဥဂ္ဂါလေးဟန် (ဟသ်ာတ)၊ ဒုတိယဆု ဟိန်းခန့်အောင် (အောင်မြေပရဟိတကျောင်း)၊ တတိယဆု မသဇင်စိုး (အောင်မြေပရဟိတကျောင်း)တို့က ဆုများရရှိကြသည်။ ဆုရရှိသူများအား စက်တင်ဘာ ၈ ရက်တွင် ဆုချီးမြှင့်မည်ဖြစ်၍ ယင်းနေ့မွန်းတည့် ၁၂ နာရီအရောက် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမသို့ သတင်းပို့ရန် အကြောင်းကြားထားသည်။

ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ၂၀၁၇ ခုနှစ် ပခုက္ကူ ဦးအုံးဖေစာပေ တစ်သက်တာစာပေဆုရ ဆရာကြီး ဒေါက်တာဦးသန်းဦးကိုလည်း ဂုဏ်ပြုသည့် အခမ်းအနားကိုပါ ပူးတွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**စိန်ရွှေလှိုင်**

# Miss Tourism & Heritage 2018 မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုအလှမယ်များ ရွေးချယ်



**မန္တလေး စက်တင်ဘာ ၄**
ယဉ်ကျေးမှုနဲ့ သက်ဆိုင်တဲ့ ဓလေ့ထုံးတမ်းများကို ပြသခွင့်ရရှိမည့် Miss Tourism & Heritage 2018 ၏ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုအလှမယ်များ ရွေးချယ်ပွဲကို စက်တင်ဘာ ၃ ရက် ည ၇ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ နှင့် ၇၈ လမ်းထောင့်ရှိ Hotel Marvel ၌ ကျင်းပခဲ့သည်။

Myanmar Male Pageant Academy Production က ကြီးမှူးကျင်းပသည့် Miss Tourism & Heritage 2018 Mandalay Region City ပြိုင်ပွဲဝင် ၁၄ ဦးထဲက မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုအလှမယ်၊ အမရပူရကိုယ်စားပြုအလှမယ်၊ ကျောက်ဆည်ကိုယ်စားပြုအလှမယ်၊ မြင်းခြံကိုယ်စားပြုအလှမယ်၊ ရမည်းသင်းကိုယ်စားပြုအလှမယ်၊ သာစည်ကိုယ်စားပြုအလှမယ်၊ ပုဂံကိုယ်စားပြုအလှမယ် စုစုပေါင်း ခုနစ်ဦးကို ရွေးချယ်ကြသည်။

အဆိုပါ မန္တလေးတိုင်းဒေသကြီးအတွက် ရွေးချယ်ထားသည့်မြို့ကိုယ်စားပြုအလှမယ် ခုနစ်ဦးနှင့် မိတ္ထီလာမြို့ ကိုယ်စားပြုအလှမယ် တစ်ဦးတို့သည် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပမည့် Grand Final ပွဲသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မြို့ ကိုယ်စားပြုအလှမယ်များနှင့်အတူ ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး Miss Tourism & Heritage 2018 မြန်မာနိုင်ငံကိုယ်စားပြု အလှမယ် သုံးဦးကို ရွေးချယ်ကာ နီပေါနိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**၀၀၂**

# မွန်ပြည်နယ်အဆင့် ဘောလုံးပြိုင်ပွဲဖွင့်

**မော်လမြိုင် စက်တင်ဘာ ၄**
မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်ရှိ Southern Myanmar ဘောလုံးကွင်း၌ စက်တင်ဘာ ၃ ရက် ညနေ ၃ နာရီက ပြည်နယ်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်၊ MPT နှင့် အခြေခံပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် မွန်ပြည်နယ်အဆင့် ၂၀၁၈ ခုနှစ် MPT U-14 ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းက အဖွင့်အမှာစကားပြောကြားပြီး ဦးစိုးမိုးကျော်က ဘောလုံးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဝန်ကြီးနှင့် တက်ရောက်လာသူများက ကွင်းအတွင်းဘောလုံးကန်သွင်း၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့ပြီး MPT လူငယ်ဘောလုံးပွဲတော်နှင့် အသက် ၁၄ နှစ်အောက် ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်ခဲ့ကြသည်။ ထို့နောက် MPT နှင့် Myanmar Care တို့က ဘောလုံး ၃၅၀ အား လှူဒါန်းခဲ့ရာ ပြည်နယ်ဝန်ကြီး ဒေါက်တာထိန်လင်းနှင့် တာဝန်ရှိသူများက လက်ခံခဲ့ကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဘောလုံးအသင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုထွန်း(မော်လမြိုင်)**

# ရွှေပြည်သာမြို့နယ်တွင် မိုးရွာသွန်းမှုကြောင့် ကျောင်းများနှင့်နေအိမ်များ ရေဝင်ရောက်

**ရွှေပြည်သာ စက်တင်ဘာ ၄**
ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်တွင် စက်တင်ဘာ ၃ ရက် ညနေမှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျောင်းများနှင့် ရပ်ကွက်အချို့ ရေဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ကနဦးသတင်းအရ ၁၆ ရပ်ကွက် နေအိမ်အချို့နှင့် အမက (၃၇) နှင့်(၃၈)ကျောင်း နှစ်ကျောင်း ရေဝင်ရောက်မှုကြောင့် ပိတ်ထားရကြောင်း သိရသည်။

**နေမျိုးထွန်း(ပြန်/ဆက်)**

# လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်း အိမ်ရှင်တရုတ်ကို ရှုံးနိမ့်

**ရန်ကုန် စက်တင်ဘာ ၄**
တရုတ်ဖိတ်ခေါ် ယူ-၂၁ ပြိုင်ပွဲ ပထမနေ့ကို ယနေ့ညနေပိုင်းက တရုတ်နိုင်ငံ၌ စတင်ကျင်းပရာ အိမ်ရှင်တရုတ်နှင့် ဥဇဘက်ကစ္စတန်အသင်း အနိုင်ရခဲ့ပြီး မြန်မာ ယူ-၂၁ အသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။ ပထမနေ့တွင် အိမ်ရှင် တရုတ်အသင်းက မြန်မာအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဥဇဘက်ကစ္စတန်အသင်းက တာဂျစ်ကစ္စတန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၂၁ အသင်း၏ ပွဲထွက်လူစာရင်းတွင် စိုးအာကာ (ဂိုး)၊ သက်ပိုင်ထွေး၊ ဇင်ရဲနောင်၊ ကျော်သက်ဦး၊ ကျော်မျိုးနိုင်၊ နန်းထိုက်ဇော်၊ အောင်နိုင်ဝင်း၊ အောင်ဇော်မြင့်၊ ချမ်းငြိမ်း၊ ထက်အာကာလင်း၊ ဇော်ဝင်းမောင်တို့ဖြင့် ပွဲထွက်ခဲ့သော်လည်း ကစားသမားအားလုံးနီးပါးမှာ နိုင်ငံတကာပွဲအတွေ့အကြုံမရှိသောကြောင့် ရလဒ်ကောင်းရယူနိုင်ရန် အခက်တွေ့ခဲ့ရသည်။ မြန်မာအသင်းသည် ပွဲအစ ၁၁ မိနစ်တွင် ပေးလိုက်ရသည့်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် စက်တင်ဘာ ၆ ရက်တွင် ဥဇဘက်ကစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင်တရုတ်အသင်းအပါအဝင် မြန်မာ၊ ဥဇဘက်ကစ္စတန်၊ တာဂျစ်ကစ္စတန်အသင်းတို့ ယှဉ်ပြိုင်နေပြီး ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# ထိုင်းနိုင်ငံ ဝေ့ဌာနီဆေးရုံကြီးမှ ကင်ဆာအထူးကုဆရာဝန်ကြီးလေးဦး မန္တလေးမြို့၌ ကင်ဆာရောဂါအကြောင်းနှင့် အထူးကုထုံးများအကြောင်း ဟောပြော



**မန္တလေး စက်တင်ဘာ ၄**
ထိုင်းနိုင်ငံ ဝေ့ဌာနီဆေးရုံကြီးမှ ကင်ဆာအထူးကုဆရာဝန်ကြီးလေးဦးက မြန်မာနိုင်ငံတွင် အဖြစ်များလာသော ကင်ဆာရောဂါအမျိုးမျိုး၊ အမျိုးသမီးကင်ဆာ၊ သွေးကင်ဆာများ၊ ကလေးသွေးကင်ဆာအကြောင်းနှင့် ပြီးပြည့်စုံသော အထူးကုသခြင်းအကြောင်း ကျန်းမာရေးပညာပေးဟောပြောပွဲကို Vejthani Total Cancer Solution အစီအစဉ်ဖြင့် စက်တင်ဘာ ၄ ရက် ညနေ ၃ နာရီက မန္တလေးမြို့ Hotel Mandalay နှင်းဆီဖြူခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ ကျန်းမာရေးအသိပညာပေးဟောပြောပွဲတွင် ထိုင်းနိုင်ငံ ဝေ့ဌာနီဆေးရုံကြီး ကင်ဆာအထူးကုဆရာဝန်ကြီး Dr. Chalida Raorungrot (Gynecology Oncologist)က သားအိမ်ခေါင်းကင်ဆာအကြောင်း သိကောင်းစရာ၊ Dr. Worawut Choeyprasert (Ped Haemato Oncologist) က ကလေးနှင့်ကင်ဆာအကြောင်း၊ Dr. Itsara Anongjanya (Hematologist) က သွေးကင်ဆာ သိဖွယ်ရာအကြောင်း၊ Dr. Natchadol Kittiwararat (Oncologist) က အဆုတ်ကင်ဆာ ခေတ်သစ်ကုထုံးများအကြောင်းကို အသီးသီးဟောပြောခဲ့ကြကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ဒီမိုကရက်တစ်ပါတီ(မြန်မာ)က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်　　စက်တင်ဘာ　　၄

**ဒီမိုကရက်တစ်ပါတီ(မြန်မာ)အတွင်းရေးမှူးချုပ် ဒေါ်သန်းသန်းနုက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**



ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သပါတယ်။

အခုပထမဦးဆုံး ကျွန်မတို့ရဲ့ဒီမိုကရက်တစ်ပါတီ(မြန်မာ) ရွေးကောက်ပွဲဝင်ရခြင်းအကြောင်းကို တင်ပြလိုပါတယ်။ နိုင်ငံရေးပါတီ ဖွဲ့စည်းထူထောင်ထားတယ်ဆိုရင် ရွေးကောက်ပွဲကျင်းပတိုင်း မလွဲမသွေ ဝင်ရောက်ယှဉ်ပြိုင်ကြရစမြဲပါ။ အဲဒီလို ရွေးကောက်ပွဲဝင်ကြတဲ့အခါမှာလည်း နိုင်ငံနှင့် ပြည်သူအတွက် ဦးထိပ်ထားပြီး အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ပေးမယ်ဆိုတဲ့ ဆုံးဖြတ်ချက် ချမှတ်ထားရမှာဖြစ်သလို အဲဒီလို ဆောင်ရွက်ပေးနိုင်တဲ့ အရည်အချင်းရှိအောင်လည်း လေ့ကျင့်သင်ယူထားရမှာဖြစ်ပါတယ်။

ကျွန်မ ငယ်စဉ်ကလေးဘဝကတည်းက ကျွန်မမိဘနှစ်ပါး အမြဲတစေ ဆိုဆုံးမခဲ့တဲ့ စကားတစ်ခုရှိပါတယ်။ ရှင်တော်မြတ်ဘုရားရဲ့ အဆုံးအမပဲဖြစ်ပါတယ်။ လူတော်ရုံမက လူကောင်းဖြစ်အောင်ပါ စောင့်ထိန်းကြဖို့ ဖြစ်ပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံမှာ နိုင်ငံရေးသမား လူတော်တွေအများကြီး ရှိပါတယ်။ ဒါပေမယ့် အာဏာ၊ ငွေ၊ အရက်၊ လောင်းကစား အစရှိတဲ့ ဒုစရိုက်အာရုံလိုက်စားမိတာကြောင့် လူကောင်းဖြစ်မလာတဲ့ နိုင်ငံရေးသမားတွေ အများကြီး ရှိနေပါတယ်။ နိုင်ငံရေးသမားတွေအနေနဲ့ လူတော်အဖြစ်ရော လူကောင်းအဖြစ်ပါ ရပ်တည်နိုင်ပါမှ ပြည်သူအများလည်း လိုက်နာအောင် လမ်းညွှန်နိုင်မှာဖြစ်သလို နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်မှာလည်း ဖြစ်ပါတယ်။

**ချစ်ခင်လေးစားရပါသော မိဘပြည်သူ မောင်နှမအပေါင်းတို့ရှင်-**

ရွေးကောက်ပွဲတွေ ကျင်းပတဲ့အခါတိုင်း ပြောလေ့ပြောထရှိတဲ့ စကားရပ်တစ်ခု ရှိပါတယ်။ အဲဒါကို ကျွန်မ အမှတ်ရနေမိပါတယ်။ "ရွေးကောက်ပွဲမဆွယ်ချိန်မှာ ပြည်သူကို ဘာလုပ်ပေးမယ်လို့ ကတိတွေ မပေးပါနဲ့၊ ပြည်သူတွေ ဘာအလိုရှိတယ်ဆိုတာကိုသာ မေးပါ"လို့ အမတ်လောင်းသိကောင်းစရာအဖြစ် ပြောစမှတ်ပြုကြပါတယ်။ အမှန်စင်စစ် ကျွန်မတို့ပြည်သူတွေ ဘာလိုအပ်တယ်၊ ဘာတွေ ဖြည့်ဆည်းပေးရမယ်ဆိုတာ ပြည်သူတွေကို မေးဖို့တောင် မလိုပါဘူး။ မိမိပတ်ဝန်းကျင်ကို လေ့လာလိုက်မယ်ဆိုရင် ပျက်နေတဲ့လမ်းတွေ၊ ရေမဆင်းတဲ့ လမ်းဘေး ရေမြောင်းတွေ၊ အမှိုက်မသိမ်းလို့ အမှိုက်တွေလျှံကျနေပြီး အနံ့မျိုးစုံထွက်နေတဲ့ အမှိုက်ပုံးတွေ၊ လူနေအိမ်မှ ဟုတ်ပါလေစလို့ တွေးထင်ရလောက်အောင် ရေမြောင်းပုပ်ပေါ် ဝါးလုံးထောင်ပြီး ဆောက်ထားတဲ့ ကျူးကျော်တဲတွေ၊ လမ်းဘေး ဝဲ၊ ယာတစ်လျှောက် လျှပ်စစ်ဓာတ်တိုင်တွေပေါ်မှာ ဓာတ်လိုက်ချင်စဖွယ် ရှုပ်ထွေးပွေလီနေတဲ့ ဓာတ်ကြိုးတွေ၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူတွေ၊ ကွမ်းတံတွေး နေရာအနှံ့ထွေးနေကြလို့ အစွန်းအထင်းဖြစ်ခဲ့ရတဲ့ အဆောက်အဦးနံရံတွေ၊ လှေကားထစ်တွေ နေရာအနှံ့ တွေ့မြင်နေရပါတယ်။ ဒီကိစ္စတွေကို အသေးအဖွဲတွေပဲလို့ ပြောလို့မဖြစ်ပါဘူး။ ဒီကိစ္စတွေအားလုံး ပြေလည်ရေးအတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိသလို ကျွန်မတို့နိုင်ငံရေးသမားတွေမှာ ပိုပြီးတာဝန်ရှိပါတယ်။

စာသင်ကျောင်းတွေမှာ ပြည်သူ့နီတိ သင်ကြားပို့ချမှု အားနည်းနေတာကြောင့်လည်း မလိုလားအပ်တဲ့ စည်းကမ်းပျက်မှုတွေ ပေါ်ပေါက်ရတာဖြစ်ပါတယ်။ ဒါဟာ ပညာရေးနဲ့ပတ်သက်မှုဖြစ်တာကြောင့် ပညာရေးစနစ်ပြောင်းလဲရေးအတွက် ကော်မတီတစ်ခုပြီးတစ်ခု ဖွဲ့စည်းနေတာထက် အောက်ခြေမှ အထက်သို့ လိုအပ်ချက်တွေ ဖြည့်စွက်တာမျိုး၊ ပြောင်းလဲပေးတာမျိုး လုပ်ခြင်းအားဖြင့် ပညာရေးစနစ်သစ်တစ်ရပ် အကောင်အထည်ဖော်ပေးသွားရမှာ ဖြစ်ပါတယ်။ မူလတန်းပညာ မသင်မနေရစနစ်ကိုလည်း ထိထိရောက်ရောက် အကောင်အထည်ဖော်ပေးဖို့ လိုအပ်ပါတယ်။ တချို့ရွာတွေမှာ မူလတန်းရဲ့အမြင့်ဆုံးဖြစ်တဲ့ စတုတ္ထတန်းမှာ ကလေး (၅)ယောက်ပဲ ကျောင်းနေတာ တွေ့ရပါတယ်။ ဒီဖြစ်ရပ်တွေကို နိုင်ငံအနှံ့မှာ တွေ့မြင်နိုင်ပါတယ်။ ဒီထက်ဆိုးတဲ့ဖြစ်ရပ်က မြန်မာတစ်နိုင်ငံလုံးမှာ မူးယစ်ဆေးဝါးသုံးစွဲသူများသထက်များလာတာပဲ ဖြစ်ပါတယ်။ နယ်စပ်ဒေသတချို့က အသိမိတ်ဆွေများအဆိုအရ မူးယစ်ဆေးဝါးထုတ်လုပ်သူအရေအတွက် များသထက်များလာပြီး ချမ်းသာနေကြသလို မူးယစ်ဆေးဝါးလုပ်ငန်းထဲ ပါဝင်ပတ်သက်သွားရင် ဝင်ငွေလမ်းဖြောင့်တယ်လို့ ယူဆကြတာကြောင့် မူးယစ်ဆေးဝါးလောကမှာ ကျင်လည်ကျက်စားသူတွေ များသထက်များလာတာလည်း တွေ့ရပါတယ်လို့ ပြောပြကြပါတယ်။ ရင်နာစရာကောင်းတာက အိမ်တိုင်းလိုလိုမှာ မူးယစ်ဆေးစွဲသူတစ်ယောက်ရှိနေတာပါပဲလို့ စိတ်မကောင်းကြီးစွာ ပြောရှာပါတယ်။ အနာဂတ်မြန်မာနိုင်ငံကြီးအတွက် တုန်လှုပ်ချောက်ချားဖွယ် အဓိကအန္တရာယ်ကြီးလို့ပြောရင် မှားမယ်မထင်ပါ။ ဒီအန္တရာယ်ဆိုးကြီးကို နှိမ်နင်းဖယ်ရှားရေးအတွက် နိုင်ငံရေးသမားများက ဦးဆောင်သွားရမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ် ပီပီပြင်ပြင် ကျင့်သုံးတဲ့နိုင်ငံတွေမှာ နိုင်ငံသားတွေ စည်းကမ်းရှိအောင် လမ်းညွှန်ပေးရသလို လွှတ်တော်မှာ ဥပဒေပြုမယ့် ကိုယ်စားလှယ်တွေက ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ကျေညက်အောင် လေ့လာထားဖို့ လိုပါတယ်။ အုပ်ချုပ်ရေးအဖွဲ့ကလည်း ဥပဒေအတိုင်းပဲ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဥပဒေပြုရေးအဖွဲ့နဲ့ အုပ်ချုပ်ရေးအဖွဲ့က စည်းကမ်းဖောက်ဖျက်ကျူးလွန်ခြင်းမရှိအောင် အပြန်အလှန်ထိန်းကျောင်းပေးဖို့ လိုအပ်ပါတယ်။ ဒါမှ တိုင်းပြည်ဟာ တည်တည်ငြိမ်ငြိမ်နဲ့ ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ ဒီဦးတည်ချက်ဟာလည်း ကျွန်မတို့ ဒီမိုကရက်တစ်ပါတီ(မြန်မာ)ရဲ့ မျှော်မှန်းချက်ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်မတို့ ဒီမိုကရက်တစ်ပါတီ(မြန်မာ)ရဲ့ လူမှုရေးလုပ်ဆောင်ချက်အချို့ကို တင်ပြလိုပါတယ်။ ဒီမိုကရေစီမိတ်ဆွေများအဖွဲ့အနေနဲ့ ကျွန်မတို့ပါတီမှ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ရပ်ကွက်အချို့ မီးလောင်စဉ်က မီးဘေးကူညီမှုများ ဆောင်ရွက်ခဲ့ပါတယ်။ ဒီမိုကရက်တစ်ပါတီ(မြန်မာ) အနေနဲ့ ဒလမြို့နယ်၊ ကော့မှူးမြို့နယ်များမှာ နွေရာသီ ရေရှားပါးသောအချိန်တွင် ရေပေးဝေခြင်းလုပ်ငန်းများလည်း ဆောင်ရွက်ခဲ့ပါတယ်။ အလားတူပဲ ရွှေကျင်မြို့နယ်ရှိ မဟာပညာ့ဗိမာန်ဘုန်းတော်ကြီးသင်ကျောင်းမှာလည်း အလှူငွေများ ထောက်ပံ့ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်အထိ မြန်မာနိုင်ငံ ရေဘေးသင့်ဒေသများမှာ လိုအပ်တဲ့ပစ္စည်းများလည်း ထောက်ပံ့ကူညီခဲ့ပါတယ်။

**ချစ်ခင်လေးစားရပါသော မိဘပြည်သူ မောင်နှမအပေါင်းတို့ရှင်-**

ဒီမိုကရက်တစ်ပါတီ(မြန်မာ) ခေါင်းဆောင်ပိုင်းအနေနဲ့ မိမိတို့ ဝါသနာသန်သလို အုပ်ချုပ်ရေးပိုင်းဆိုင်ရာ၊ ဘာသာရပ်တစ်မျိုးမျိုးရွေးပြီး အာရုံစိုက်လေ့လာထားဖို့ ပါတီဝင်တွေကို ပြောကြားထားပါတယ်။ နိုင်ငံနှင့် ပြည်သူကို ထိထိရောက်ရောက် အကျိုးပြုနိုင်ဖို့ ဖြစ်ပါတယ်။

ကျွန်မမိဘနှစ်ပါးနှင့် မိဘများရဲ့ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များက တိုင်းပြု ပြည်ပြု စိတ်ဓာတ်မွေးမြူကြပုံတွေ၊ နိုင်ငံ့အန္တရာယ် ကာကွယ်ဖို့ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပုံတွေ၊ အရှေ့တောင်အာရှမှာ စီးပွားရေးထိပ်ဆုံးအခြေအနေရောက်အောင် စွမ်းဆောင်ခဲ့တာတွေ၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ချက်ချမှတ်ရာမှာ ခေါင်းဆောင်ပါဝင်ခဲ့ပုံတွေ၊ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဘက်မလိုက်နိုင်ငံများ အစုအဖွဲ့ရဲ့ အခြေခံဖြစ်တဲ့ အာရှ-အာဖရိက နိုင်ငံများကို စုစည်းပေးခဲ့ပုံတွေ၊ လူနေမှုအဆင့်အတန်းမြင့်မားလာစေရေးအတွက် စွမ်းဆောင်ချက်တွေ၊ ဆဋ္ဌသင်္ဂါယနာတင်ပြီး ကမ္ဘာ့ဗုဒ္ဓသာသနာတော်ပြန့်ပွားရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့တာတွေကို ကျွန်မအနီးကပ်မြင်တွေ့ခဲ့ရသလို ဒီကနေ့တိုင် အမှတ်ရနေမိပါတယ်။ "မျိုးချစ်စိတ်အပြည့်နဲ့ ရိုးသားကြိုးစားကြဖို့ဟာလည်း ကျွန်မတို့ ဒီမိုကရက်တစ်ပါတီ(မြန်မာ)ရဲ့ အဓိကဦးတည်ချက်တစ်ရပ်" ပါ။

အစိုးရတာဝန်ယူရတဲ့ နိုင်ငံရေးသမားတွေရော အတိုက်အခံနိုင်ငံရေးသမားတွေပါ လူတော်လူကောင်းတွေဖြစ်ဖို့ အရေးကြီးပါတယ်။ တိုင်းပြည်တာဝန်သိပြီး တာဝန်ကျေအောင် ကြိုးစားသူများဖြစ်ဖို့ လိုအပ်ပါတယ်။ တိုင်းပြည်ကို ရှေ့ဆောင်ရှေ့ရွက်ပြုတဲ့ ခေါင်းဆောင်တွေဟာ ကိုယ်တိုင်လမ်းကောင်းလမ်းမှန်ကိုရွေးပြီး ဖြောင့်ဖြောင့်တန်းတန်းသွားပြမှ ပြည်သူတွေလည်း လမ်းကောင်းလမ်းမှန်ပေါ် ရောက်ကြမှာဖြစ်ပါတယ်။ ဝမ်းမြောက်ကြည်နူးတဲ့ဘဝကို ရကြပြီး "လူဖြစ်လာတဲ့ဘဝမှာ လူဖြစ်ကျိုးနပ်စေရေး" ဟာ ကျွန်မတို့ ဒီမိုကရက်တစ်ပါတီ(မြန်မာ)ရဲ့ ပန်းတိုင်ဖြစ်ပါတယ်။

**ချစ်ခင်လေးစားရပါသော မိဘပြည်သူ မောင်နှမအပေါင်းတို့ရှင်-**

နိုင်ငံအပေါ် ကျရောက်လာမယ့် ဘယ်လိုအန္တရာယ်မျိုးကိုမဆို နိုင်ငံသူနိုင်ငံသားအပေါင်းရဲ့ ညီညွတ်မှုနဲ့ တွန်းလှန်ဖြိုခွဲရမှာဖြစ်ပါတယ်။ ညီညွတ်မှုမရှိလို့ နိုင်ငံပြိုကွဲခဲ့ရတာကို မြန်မာ့သမိုင်းမှာရော ကမ္ဘာ့သမိုင်းတွေမှာပါ တွေ့မြင်ခဲ့ရပြီးဖြစ်ပါတယ်။ ကျွန်မတို့ ဒီမိုကရက်တစ်ပါတီ (မြန်မာ)ကို ဖွဲ့စည်းရာမှာ နိုင်ငံသားအားလုံး အယုတ်၊ အလတ်၊ အမြတ်မရွေး၊ လူမျိုး၊ ဘာသာမရွေး၊ ကျား၊ မ တန်းတူရေးတို့အပေါ် အခြေခံပြီး ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ အတိတ်က အနိဋ္ဌာရုံတွေကို ပြန်မလှည့်ဘဲ အနာဂတ်မှာ စစ်မှန်တဲ့ ဒီမိုကရေစီ ခေတ်သစ်ကို ရှေးရှုခြင်းအားဖြင့်



ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တိုးတက်ဖွံ့ဖြိုးရေးလမ်းကြောင်းကို ဦးတည်ကြဖို့လည်း ဒီမိုကရက်တစ်ပါတီ(မြန်မာ)က သန္နိဋ္ဌာန် ချမှတ်ထားပါတယ်။ ဒါ့အပြင် ပြည်သူတို့ ဆန္ဒနဲ့အတူ လွတ်လပ်စွာပြောဆိုရေးသားခွင့်၊ လုပ်ဆောင်ပိုင်ခွင့် အစရှိတဲ့ ဒီမိုကရေစီကျင့်စဉ်တွေကို မိမိလည်း အခွင့်အရေးရ၊ သူတစ်ပါးအခွင့်အရေးလည်း မထိခိုက်စေရအောင်ဆိုတဲ့ ဦးတည်ချက်နဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်သွားနိုင်ဖို့လည်း သန္နိဋ္ဌာန်ချမှတ်ထားပါတယ်။

အခု မျက်မှောက်ခေတ်မှာ နိုင်ငံတိုင်းဟာ မိမိတစ်နိုင်ငံတည်း ထီးထီးကြီးနေဖို့ မဖြစ်နိုင်သလို အာရှတိုက်အတွင်းမှာလည်း အာရှနိုင်ငံများ အစုအဖွဲ့အမျိုးမျိုး၊ အရှေ့တောင်အာရှနိုင်ငံတွေမှာလည်း အာဆီယံလို့ခေါ်တဲ့ အစုအဖွဲ့၊ ဘက်မလိုက်နိုင်ငံများ အစုအဖွဲ့စသဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်နေတာ တွေ့ကြရမှာပါ။ "ကမ္ဘာ့နိုင်ငံများလို့ ခေါ်မယ့်အစား အခုဆိုရင် ကမ္ဘာ့ရွာကြီးတစ်ရွာအဖြစ် တင်စားခေါ်ဝေါ်နေကြပြီ မဟုတ်ပါလား" ဒါကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးအတွက်ဆိုရင် သူပဲ၊ ငါပဲ မခွဲခြားဘဲ အားလုံးပူးပေါင်းဆောင်ရွက်ရင်း ငြိမ်းချမ်းတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ကြပါစို့။

ကျေးဇူးတင်ပါတယ်ရှင်။

## တူညီဆန္ဒ

တေးရေး – ထွဋ်ခေါင်တင်

တေးဆို – စန္ဒာ

၁။ ရောင်နီလင်းဖြာ　နေခြည်သာလှတာ　နံနက်ခင်းရဲ့
မင်္ဂလာပါ။ ထွန်းလင်းတောက်ပ တို့ပြည်ရွာ၊ ညီညွတ်ခြင်းနဲ့
လက်တွဲညီခါ၊ မဲရုံကို သွားကြမယ်ကွာ။

၂။ ရွှေရည်ဝင်းဝါ ချိန်ခါသမယမှာ အရုဏ်ဦးရဲ့ တေးသံဖြာ
နိုးကြားထက်မြက်　တို့ပြည်မြန်မာ၊　တူယှဉ်နွှဲလို့
ပေါင်းစုညီခါ၊ မဲရုံကို သွားကြမယ်ကွာ။

၃။ မဲပေးကြမှာ မဲပေးကြမှာ ပြည်သူ့အကျိုးပြု ပြည်သူ့ပါတီ၊
ဒီမိုကရက်တစ်ပါတီအား မဲပေးကြမယ်ကွာ။

၄။ အသည်းကြားက မဲတစ်ပြားမှာ တန်ဖိုးကြီးစွာ မဲပေးကြ
တော့မှာ၊ ပြည်သူအတွက် အားထားရာ ဒီမိုကရက်တစ်
ပါတီပါ၊ တူညီဆန္ဒ မဲပေးကြမှာ ဝမ်းမြောက်ကြည်သာ၊
ပြည်သူ့အတွက် နိုးဆော်လိုက်ပြီကွာ။

# မြောက်ကိုရီးယား နျူကလီးယားနှင့် ဒုံးကျည်နည်းပညာ ထိပ်တန်းပညာရှင် ပါမောက္ခဂျူ ကွယ်လွန်



**ပြုံယမ်း စက်တင်ဘာ ၄**

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့် ဒုံးကျည်နည်းပညာ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ဦးစီးဦးဆောင်ပြုလုပ်ခဲ့သူ ဝါရင့်တာဝန်ရှိသူ တစ်ဦးသည် ကွယ်လွန်သွားပြီဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် ကေစီအင်န်အေ သတင်းဌာနက စက်တင်ဘာ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

တက္ကသိုလ် ပညာရှင် တစ်ဦးဖြစ်သူ ပါမောက္ခ ဂျူကျူချန်းသည် သွေးရောဂါ တစ်မျိုးဖြင့် စက်တင်ဘာ ၃ ရက်တွင် ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း၊ သူကွယ်လွန်ချိန်တွင် အသက် ၈၉ နှစ်ရှိပြီဖြစ်ကြောင်း အဆိုပါ သတင်းဌာနက ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေး စွမ်းပကား မြင့်မားတိုးတက်စေရေးအတွက် ထူးထူးခြားခြား စွမ်းဆောင်ကြိုးပမ်းခဲ့သော တော်လှန်ရေးသမားကြီး ဂျူ ကွယ်လွန်သွားမှုအတွက် တစ်နိုင်ငံလုံးက ကြေကွဲဝမ်းနည်းကြရပါကြောင်း သတင်းတွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယား အစီအစဉ်တွင် ဦးဆောင်ပါဝင်မှု၌ အမေရိကန်ဘဏ္ဍာရေးဌာန၏ ၂၀၁၃ ခုနှစ် အရေးယူပိတ်ဆို့မှုတွင် ပစ်မှတ်ထားခံရသူများအနက် ပါမောက္ခ ဂျူလည်း ပါဝင်သည်။

**ကြီးကြပ်**

၂၀၀၉ ခုနှစ်က အန်ဝါ-၂ တာဝေးပစ်ရော့ကက်ဒုံးကျည် စမ်းသပ်ပစ်ခတ်မှုကို ပါမောက္ခ ဂျူက ကြီးကြပ်ကွပ်ကဲခဲ့ကြောင်း၊ ယင်းဒုံးကျည် ပစ်ခတ်မှုကို ထိုစဉ်က မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအီက အနီးကပ် စောင့်ကြည့်ခဲ့ကြောင်း တောင်ကိုရီးယား ယွန်ဟတ်သတင်းဌာန၏ သတင်းတွင်ဖော်ပြသည်။

ပါမောက္ခ ဂျူသည် ၂၀၁၅ ခုနှစ်တွင် အငြိမ်းစားမယူမီ ၂၀၁၂ ခုနှစ်တွင် အန်ဝါ-၃ တာဝေးပစ်ရော့ကက်ဒုံးကျည် သုတေသနပြု ထုတ်လုပ်မှုတွင်လည်း ဦးဆောင်ခဲ့သူဖြစ်သည်ဆို၏။

**အေအက်ဖ်ပီ**

## ဟက်ကာနီကွန်ရက် တည်ထောင်သူ သေဆုံးပြီဟု တာလီဘန်အဖွဲ့ ကြေညာ

**ကဘူး စက်တင်ဘာ ၄**

တစ်ချိန်တစ်ခါက အမေရိကန်ဗဟိုထောက်လှမ်းရေးအဖွဲ့(စီအိုင်အေ)အတွက် မဟာမိတ်တစ်ဦးဖြစ်ခဲ့သော်လည်း ယခုအခါ တောင်အာရှဒေသ၌ အမေရိကန်၏ ထိပ်တန်းပစ်မှတ်တစ်ခု ဖြစ်လာသည့် စစ်သွေးကြွကွန်ရက်တစ်ခု၏ ခေါင်းဆောင် ဂျာလာဟူဒင်ဟက်ကာနီသည် ကာလရှည်ကြာနာမကျန်းဖြစ်ရာမှ ကွယ်လွန်သွားပြီဖြစ်ကြောင်း အာဖဂန်နစ္စတန် တာလီဘန်အဖွဲ့က စက်တင်ဘာ ၄ ရက်တွင် ကြေညာသည်။ ဂျာလာဟူဒင် ဟက်ကာနီသည် ၎င်း၏ အမည်ဟက်ကာနီကိုအသုံးပြု၍ ကွန်ရက်တစ်ခုတည်ထောင်ခဲ့သည်။ ဟက်ကာနီကွန်ရက်သည် အာဖဂန်ပြည်သူများ၊ လုံခြုံရေးတပ်ဖွဲ့များနှင့် အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့ဝင်များအား အသေခံဗုံးဖောက်ခွဲမှု အပါအဝင် နည်းမျိုးစုံဖြင့် တိုက်ခိုက်ခဲ့သည်။

လွန်ခဲ့သည့် နှစ် ၄၀ ကျော်ကတည်းကပင် လက်နက်ကိုင် ပဋိပက္ခထူပြောသည့် ဒေသတွင် ဂျီဟတ်ဝါဒဖြန့်သူများတွင် ဟက်ကာနီ ပါဝင်သည်။ **အေအက်ဖ်ပီ**

# အမေရိကန်၏ တောင်းဆိုချက်ကို လိုက်လျောသည့် အနေဖြင့် အီရန်မှ ရေနံစိမ်းတင်သွင်းမှု ဂျပန်ကုမ္ပဏီများက ဆိုင်းငံ့ရန် ပြင်ဆင်

**တိုကျို စက်တင်ဘာ ၄**

ဂျပန်နိုင်ငံရှိ အဓိက ရေနံဖြန့်ချိရေး ကုမ္ပဏီများသည် အမေရိကန်ပြည်ထောင်စု၏ တောင်းဆိုချက်များကို လိုက်လျောပေးသည့် အနေဖြင့် အီရန်နိုင်ငံမှ ရေနံစိမ်းတင်သွင်းမှုများကို ဆိုင်းငံ့နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြကြောင်း၊ အဆိုပါ ကုမ္ပဏီများသည် အရှေ့အလယ်ပိုင်းဒေသရှိ အခြားသော ရေနံတင်ပို့သောနိုင်ငံများမှ ရေနံစိမ်း ဝယ်ယူရေးဆီသို့ ဦးလှည့်ကြမည်ဖြစ်ကြောင်း ဂျပန်တာဝန်ရှိသူများက ပြောကြားကြသည်။

အီရန်နိုင်ငံမှ ရေနံစိမ်းကိုပိုမို၍ ချိုသာသောဈေးနှုန်းဖြင့် ဝယ်ယူနိုင်ခြင်းကြောင့် ဂျပန်ရေနံဖြန့်ချိရေး ကုမ္ပဏီများအနေဖြင့် အခြားအရင်းအမြစ်များမှ ဝယ်ယူတင်သွင်းမည်ဆိုပါက ကုန်ကျစရိတ် ပိုမိုကြီးလေးလာမှုကို တွေ့ကြုံကြရမည်ဖြစ်သည်။ ၎င်းအပြင် အီရန်၏ ရေနံစိမ်းကို ဝယ်ယူတင်သွင်းမှု ဆိုင်းငံ့လိုက်ခြင်းဖြင့် ဂျပန်နိုင်ငံ၌ ဓာတ်ဆီဈေးနှုန်းများ ပိုမိုမြင့်တက်လာနိုင်သည်။

သမ္မတဒေါ်နယ်ထရမ့်သည် အီရန်နိုင်ငံနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား ရရှိခဲ့သော ၂၀၁၅ ခုနှစ် နိုင်ငံတကာ နျူကလီးယား သဘောတူညီချက်မှ အမေရိကန် နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ပြီးနောက် အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုအသစ် ပြုလုပ်ရန် ထုတ်ပြန်ကြေညာခဲ့သည်။



အီရန်ထံမှ ရေနံတင်သွင်းမှုများကို နိုဝင်ဘာ ၄ ရက်ထက် နောက်မကျဘဲ ပြုလုပ်ကြရန် အမေရိကန်အစိုးရအဖွဲ့က အီရန်ဆီမှ ရေနံတင်သွင်းလျက်ရှိသော နိုင်ငံများကို တိုက်တွန်းလာခဲ့သည်။

**တင်ပို့ပေး**

စွမ်းအင်ဖူလုံရန်ကြိုးပမ်းနေရသော ဂျပန်နိုင်ငံသည် ပြည်ပမှရေနံအပေါ် အလွန်အမင်း မှီခိုအားထားနေရသည်။ ဂျပန်နိုင်ငံက ရေနံပမာဏ၏ ၈၀ ရာခိုင်နှုန်းခန့်ကို အရှေ့အလယ်ပိုင်းဒေသမှ တင်ပို့ပေးခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဂျပန်နိုင်ငံသို့ ရေနံအများဆုံးတင်ပို့သော နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ ဆော်ဒီအာရေဗျနိုင်ငံသည် ဖော်ပြပါကာလအတွင်း ဂျပန်နိုင်ငံသို့ စုစုပေါင်း ရေနံစိမ်းပမာဏ၏ ၃၉ ရာခိုင်နှုန်းအထိကို တင်ပို့ပေးခဲ့သည်။ အီရန်နိုင်ငံမှာမူ ငါးရာခိုင်နှုန်းအထိသာလျှင် တင်ပို့ပေးနိုင်ခဲ့ကြောင်း ဂျပန်အစိုးရသတင်းရပ်ကွက်က ပြောကြားသည်။

**အေအက်ဖ်ပီ**

# ၂၅ နှစ်အတွင်း အင်အား အပြင်းထန်ဆုံး တိုင်ဖုန်းမုန်တိုင်း ဂျပန်နိုင်ငံ အနောက်ပိုင်းတွင် တိုက်ခတ်

**တိုကျို စက်တင်ဘာ ၄**

ဂျပန်နိုင်ငံတွင် ၂၅ နှစ်တာကာလအတွင်း အင်အားအပြင်းထန်ဆုံး တိုင်ဖုန်း မုန်တိုင်းအဖြစ် စက်တင်ဘာ ၄ ရက်က တိုက်ခတ်ခဲ့ရာ မြေပြိုမှု ဖြစ်ပွားခဲ့ကြောင်း၊ ပြင်းထန်သည့် လေတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရန် အသိပေးနှိုးဆော်မှုများ ထုတ်ပြန်ခဲ့ရကြောင်း ဂျပန် မိုးလေဝသအေဂျင်စီက ပြောကြားသည်။



အင်အားပြင်းထန်သော တိုင်ဖုန်းမုန်တိုင်း ဂျဲဘီ၏ လေတိုက်ခတ်နှုန်းမှာ တစ်နာရီလျှင် ၂၁၆ ကီလိုမီတာ (၁၃၅ မိုင်)ခန့်ရှိသည်။ အဆိုပါမုန်တိုင်းကြောင့် စက်တင်တာ ၄ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံအနောက်ပိုင်း၌ မြေပြိုမှုဖြစ်ပွားခဲ့သည်။ မုန်တိုင်းတိုက်ခတ်ရာဧရိယာ အနီးဝန်းကျင်မှာ ယခုနှစ် နွေရာသီအတွင်းက စံချိန်တင် လူအသေအပျောက်ရှိခဲ့သည့် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ပြန်လည် ထူထောင်မှုများ ပြုလုပ်နေရဆဲဖြစ်သည့် ဒေသဖြစ်သည်။

**တိုက်တွန်း**

ဒေသခံများအနေဖြင့် စောစီးစွာဘေးကင်းရာသို့ ရွှေ့ပြောင်းကြရန် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက တိုက်တွန်းပြောကြားခဲ့ပြီး ဒေသခံများအား မုန်တိုင်းဘေးဒဏ်မှ ကာကွယ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် ၎င်း၏ အစိုးရအဖွဲ့ကို အမိန့်ပေးထားသည်။

မုန်တိုင်းဒဏ်ကြောင့် မြေပြိုမှုများဖြစ်ပေါ်ဖွယ်ရာရှိကြောင်း ဂျပန်မိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။ ဂျပန်နိုင်ငံအနောက်ပိုင်းရှိ အဓိကမြို့ကြီးများဖြစ်ကြသည့် အိုဆာကာနှင့် ကျိုတိုအပါအဝင်ဒေသများတွင် ပြင်းထန်သောလေတိုက်ခတ်မှုနှင့် ရေလွှမ်းမိုးမှုများအပြင် ဒီရေမြင့်တက်မှုများ၊ မိုးကြိုးပစ်မှုများနှင့် လေဆင်နှာမောင်း တိုက်ခတ်မှုများလည်းဖြစ်ပေါ်နိုင်ကြောင်း သတိပေးချက်တွင် ဖော်ပြသည်။

တိုင်ဖုန်းဂျဲဘီ၏ ဗဟိုချက်တွင် လေတိုက်ခတ်နှုန်း တစ်နာရီလျှင် ၁၆၂ ကီလိုမီတာ (မိုင် ၁၀၀)ခန့် ရှိပြီး အလွန် အင်အားပြင်းထန်ကြောင်း ဂျပန်မိုးလေဝသဌာန ခန့်မှန်းရေးမှူးချုပ် ရူတာ တူရိုရာက အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။

အဆိုပါ မုန်တိုင်းသည် ၁၉၉၃ ခုနှစ်နောက်ပိုင်း အင်အားအပြင်းထန်ဆုံး မုန်တိုင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မုန်တိုင်းချဉ်းကပ်လာစဉ်တွင် ဝန်ကြီးချုပ်အာဘေးက နိုင်ငံအနောက်ပိုင်းဒေသသို့ သွားရောက်မည့် ခရီးစဉ်ကို ဖျက်သိမ်းခဲ့ပြီး သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေး အရေးပေါ်အစည်းအဝေးခေါ်ယူခဲ့သည်။

အင်အားပြင်းထန်သောမုန်တိုင်းက ရိုးရာပုံစံဆောက်လုပ်ထားသည့် လူနေအိမ်များနှင့် လျှပ်စစ်ဓာတ်တိုင်များအား ဆောင်ယူသွားနိုင်၍ မုန်တိုင်း သက်ရောက်ရာဒေသတွင်းရှိ ပြည်သူများအနေဖြင့် မလိုအပ်ဘဲ ခရီးမသွားကြရန် ဒေသဆိုင်ရာ သတင်းဌာနများက ပြည်သူများအား သတိပေးမှု ပြုလုပ်ထားသည်။

**အေအက်ဖ်ပီ**

# ဥရောပ Golden Boy နှစ်ကြိမ်ဆက်ဆုရှင်ဖြစ်လာဖို့ ပြင်သစ်လူငယ်တိုက်စစ်မှူး မက်ပီ ရေပန်းစားနေ

**၂၀၁၈ ခုနှစ်ရဲ့ ဥရောပ Golden Boy ဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းကို အခုစက်တင်ဘာလအတွင်းမှာ ကြေညာသွားမှာဖြစ်ပြီး အဲဒီဆုအတွက် နှစ်ကြိမ်ဆက်ဆုရှင်ဖြစ်လာဖို့ ရေပန်းစားနေတာကတော့ ပြင်သစ်နှင့် ပီအက်စ်ဂျီတိုက်စစ်မှူး မက်ပီပဲ ဖြစ်ပါတယ်။**



**၂၀၁၇ ခုနှစ်အတွက် ချီးမြှင့်ခဲ့သည့် ဥရောပ Golden Boy ဆုရရှိခဲ့သော မက်ပီအား တွေ့ရစဉ်။**

၂၀၁၇ ခုနှစ်အတွက် ဆုကိုတော့ တိုက်စစ်မှူး မက်ပီက ရရှိခဲ့တာဖြစ်ပါတယ်။ မက်ပီဟာ မိုနာကိုအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့မှာ ပါဝင်ကစားခဲ့တဲ့အပြင် ပြင်သစ်လက်ရွေးစင်အသင်းမှာလည်း ပါဝင်ကစားခဲ့ပါတယ်။ အဲဒီလိုပါဝင်ကစားခဲ့ရာမှာ ၂၀၁၈ ကမ္ဘာ့ဖလား၊ ၂၀၁၇ နဲ့ ၂၀၁၈ မှာ ပြင်သစ်ပထမတန်းဖလားနှစ်ကြိမ် စသဖြင့် ရရှိခဲ့ပါတယ်။

မက်ပီဟာ ၂၀၁၇ ခုနှစ်မှာ မိုနာကိုအသင်းကို ချန်ပီယံလိဂ်ဆီမီး ဖိုင်နယ်အဆင့်ရောက်အောင် စွမ်းဆောင်ပေးခဲ့တဲ့အပြင် ပြင်သစ်လက်ရွေးစင်အသင်းအတွက်လည်း ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲမှာ ခရိုအေးရှားအသင်းဘက်ကို ဂိုးသွင်းယူပေးခဲ့ပြီး ပြင်သစ်အသင်းအတွက် ကမ္ဘာ့ဖလားရယူပေးနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါကြောင့် တိုက်စစ်မှူး မက်ပီဟာ ၂၀၁၈ ခုနှစ်အတွက် ဥရောပရဲ့ Golden Boy ဆုထပ်မံရရှိလိမ့်မယ်လို့ တစ်ပြေးနေတာလည်း ဖြစ်ပါတယ်။

ဥရောပရဲ့ Golden Boy ဆုကို အီတလီမဂ္ဂဇင်းတစ်ခုဖြစ်တဲ့ Tuttosport က ဥရောပတစ်ဝန်းက ဘောလုံးသမားတွေအနက် တစ်ဦးချင်းခြေစွမ်းပိုင်းကောင်းတဲ့ကစားသမားကို ၂၀၀၃ ခုနှစ်က စတင်ကာ ရွေးချယ်ပြီး ချီးမြှင့်ခဲ့တာဖြစ်ပါတယ်။

**ကွင်းလယ်ကစားသမား ရာဖေးလ်ဗန်ဒါဗက်(၂၀၀၃)**

အဲဒီလိုစတင်ချီးမြှင့်ခဲ့တဲ့ ၂၀၀၃ ခုနှစ်မှာ နယ်သာလန်နဲ့ အေဂျက် လူငယ်ကွင်းလယ်ကစားသမား ရာဖေးလ်ဗန်ဒါဗက်က ရရှိခဲ့တာဖြစ်ပါတယ်။ ဗန်ဒါဗက်ဟာ အေဂျက်အသင်းကို ပြည်တွင်းဆုဖလားနှစ်ကြိမ် ရယူပေးနိုင်ခဲ့သလို ဟမ်းဘတ်အသင်း၊ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ စပါးအသင်းတို့မှာလည်း ကစားခဲ့ပါတယ်။ နယ်သာလန်အသင်းအတွက် ပွဲပေါင်း ၁၀၉ ပွဲ ပါဝင်ကစားပေးခဲ့ပြီး ၂၅ ဂိုး သွင်းယူပေးနိုင်ခဲ့တာပါ။

**တိုက်စစ်မှူး ရွန်းနီ(၂၀၀၄)**

၂၀၀၄ ခုနှစ်မှာတော့ တိုက်စစ်မှူး ရွန်းနီက ရရှိခဲ့ပါတယ်။ ရွန်းနီဟာ ဥရောပပြိုင်ပွဲမှာ အဲဗာတန်အသင်းနဲ့အတူ ခြေစွမ်းပြခဲ့တာက Golden Boy ဆုကို မဖြစ်မနေပေးဖို့အကြောင်းဖန်လာခဲ့ပြီး မန်ယူအသင်းကို ပေါင် ၂၅ သန်းနဲ့ ပြောင်းခဲ့ပါတယ်။ အဲဗာတန်၊ မန်ယူနဲ့ ဒီစီယူနိုက်တက်တို့မှာ ကစားခဲ့ပြီး ချန်ပီယံလိဂ်ဖလား တစ်ကြိမ်၊ ပရီမီယာလိဂ်ဖလား ငါးကြိမ်၊ လိဂ်ဖလား လေးကြိမ်၊ ကမ္ဘာ့ကလပ်ဖလား တစ်ကြိမ်နဲ့ ယူရိုပါလိဂ် တစ်ကြိမ် ရခဲ့ပါတယ်။ အင်္ဂလန်လက်ရွေးစင်အသင်းအတွက်တော့ ၁၁၉ ပွဲမှာ ၅၃ ဂိုး သွင်းယူနိုင်ခဲ့ပါတယ်။

**တိုက်စစ်မှူး မက်ဆီ(၂၀၀၅)**

၂၀၀၅ ခုနှစ်မှာတော့ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီက ရရှိခဲ့ပါတယ်။ မက်ဆီဟာ အဲဒီဆုရရှိချိန်မှာ အသက် ၁၈ နှစ်ပဲရှိသေးပြီး ဘာစီလိုနာအသင်းနဲ့ အတူကစားခဲ့ရာမှာ ကမ္ဘာ့အကောင်းဆုံးကစားသမားကို ပေးအပ်ချီးမြှင့်တဲ့ ဘလွန်းဒီအောဆု ငါးကြိမ်၊ ချန်ပီယံလိဂ်ဖလား လေးကြိမ်၊ စပိန်လာလီဂါဖလား ကိုးကြိမ်၊ စပိန်ဘုရင့်ဖလား ခြောက်ကြိမ်၊ ကမ္ဘာ့ကလပ်ဖလား သုံးကြိမ်နဲ့ ယူအီးအက်ဖ်အေစူပါဖလား သုံးကြိမ်ရရှိခဲ့ပါတယ်။ အာဂျင်တီးနားလက်ရွေးစင်အသင်းအတွက်တော့ ၁၂၈ ပွဲ ကစားပေးခဲ့ပြီး ၆၅ ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။

**ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်(၂၀၀၆)**

ဖာဘရီဂတ်စ်ဟာ ၂၀၀၆ ခုနှစ်မှာ အာဆင်နယ်အသင်းနဲ့အတူ ၄၉ ပွဲကစားခဲ့ပြီး Golden Boy ဆုကို ရရှိခဲ့တာပါ။ ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်ဟာ အာဆင်နယ်အသင်း၊ ဘာစီလိုနာအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့မှာကစားခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှာတော့ စပိန်လက်ရွေးစင်အသင်းနဲ့အတူ ကမ္ဘာ့ဖလားရရှိခဲ့ပါတယ်။ ဖာဘရီဂတ်စ်ရဲ့ အောင်မြင်မှုတွေကတော့ ကမ္ဘာ့ဖလား တစ်ကြိမ်၊ ဥရောပချန်ပီယံရှစ် နှစ်ကြိမ်၊ ပရီမီယာလိဂ်ဖလား နှစ်ကြိမ်၊ အက်ဖ်အေဖလား နှစ်ကြိမ်၊ လိဂ်ဖလား တစ်ကြိမ်၊ လာလီဂါဖလား တစ်ကြိမ်၊ စပိန်ဘုရင့်ဖလား တစ်ကြိမ်နဲ့ ကမ္ဘာ့ကလပ်ဖလား တစ်ကြိမ် ရရှိခဲ့ပါတယ်။ စပိန်လက်ရွေးစင်အသင်းအတွက်တော့ ၁၁၀ ပွဲမှာ ၁၅ ဂိုး သွင်းပေးခဲ့ပါတယ်။

**တိုက်စစ်မှူး ဆာဂျီယိုအဂူရို(၂၀၀၇)**

၂၀၀၇ ခုနှစ်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းက တိုက်စစ်မှူး တောရက်စ်ကို လီဗာပူးကို ပြောင်းရွှေ့ခွင့်ပေးခဲ့ပြီး အာဂျင်တီးနားတိုက်စစ်မှူး အဂူရိုကို ပွဲထုတ်ခဲ့ပါတယ်။ အဲဒီမှာ အကောင်းဆုံးခြေစွမ်း ပိုင်ဆိုင်ခဲ့လို့ Golden Boy ဆုကိုရရှိခဲ့တာပါ။ ၂၀၁၁-၂၀၁၂ မှာတော့ မန်စီးတီးကိုပြောင်းလာခဲ့ပါတယ်။ အီတီဟက်ဒ်မှာ လက်ရှိအချိန်အထိ ခြေစွမ်းပြကစားနိုင်ခဲ့ပါတယ်။ အောင်မြင်မှုအပိုင်းကို ကြည့်မယ်ဆိုရင် ပရီမီယာလိဂ်ဖလား သုံးကြိမ်၊ လိဂ်ဖလား သုံးကြိမ်၊ ယူရိုပါလိဂ်ဖလား တစ်ကြိမ်နဲ့ ယူအီးအက်ဖ်အေစူပါဖလား တစ်ကြိမ် ရရှိခဲ့ပါတယ်။ အာဂျင်တီးနားအသင်းအတွက် ၈၉ ပွဲ ကစားပေးထားပြီး ၃၉ ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။

**ကွင်းလယ်ကစားသမား အန်ဒါဆန်(၂၀၀၈)**

ကွင်းလယ်ကစားသမား အန်ဒါဆန်ဟာ ၂၀၀၇-၂၀၀၈ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ကစားခဲ့တဲ့ နောက်ဆုံးဗိုလ်လုပွဲမှာ ပါဝင်ကစားခဲ့ရပြီး ချန်ပီယံလိဂ်ဖလားရရှိခဲ့တာကြောင့် Golden Boy ဆုရရှိခဲ့တာပါ။ အန်ဒါဆန်ဟာ ပေါ်တို၊ မန်ယူ၊ ဖီအိုရင်တီးနား၊ အင်တာမီလန်တို့မှာ ကစားခဲ့ပြီး ချန်ပီယံလိဂ်ဖလား တစ်ကြိမ်၊ ပရီမီယာလိဂ်ဖလား လေးကြိမ်၊ လိဂ်ဖလား နှစ်ကြိမ်၊ ပေါ်တူဂီလိဂ်ဖလား နှစ်ကြိမ်၊ ကမ္ဘာ့ကလပ်ဖလား တစ်ကြိမ် ရရှိခဲ့ပြီး ဘရာဇီးလက်ရွေးစင်အသင်းနဲ့အတူ ကိုးပွဲ ပါဝင်ကစားပေးခဲ့ကာ ၂၀၀၇ ခုနှစ်က ကိုပါအမေရိကဖလား ရရှိခဲ့ပါတယ်။

**တိုက်စစ်မှူး အလက်ဇန္ဒားပါတို(၂၀၀၉)**

အလက်ဇန္ဒားပါတိုဟာ ၂၀၀၉ ခုနှစ်မှာ အေစီမီလန်အသင်းနဲ့အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာမို့ Golden Boy ဆုကို ရရှိခဲ့တာပါ။ ၂၀၁၃ ခုနှစ်မှာ ကိုရင်သီယန်အသင်းကို ပြောင်းရွှေ့ခဲ့ပြီး ကိုရင်သီယန်မှာရှိနေစဉ် ချယ်လ်ဆီးအသင်းကို အငှားနဲ့ ငါးလကြာ သွားကစားခဲ့ပါသေးတယ်။ အဲဒီနောက် ဗီလာရီးယဲလ်အသင်းကို ပြောင်းရွှေ့ကစားခဲ့ပြီး ဗီလာရီးယဲလ်အသင်းနဲ့ လိဂ်ပွဲစဉ် ၁၄ ပွဲ ပါဝင်ကစားပေးခဲ့ပါတယ်။ အလက်ဇန္ဒားပါတိုရဲ့ အောင်မြင်မှုကတော့ စီးရီးအေဖလား တစ်ကြိမ်၊ ကမ္ဘာ့ကလပ်ဖလား နှစ်ကြိမ် ရရှိခဲ့ပါတယ်။ ဘရာဇီးလက်ရွေးစင်အသင်းအတွက်ကတော့ ၂၇ ပွဲကစားပေးခဲ့ပြီး ၁၀ ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။

**တိုက်စစ်မှူး ဘာလော့တယ်လီ(၂၀၁၀)**

ဘာလော့တယ်လီဟာ ၂၀၀၉-၂၀၁၀ ဘောလုံးရာသီမှာ အင်တာမီလန်အသင်းနဲ့ ခြေစွမ်းပြကစားခဲ့တဲ့အပြင် ချန်ပီယံလိဂ်ဖလားကိုပါ ရရှိခဲ့တာကြောင့် Golden Boy ဆုကို ရရှိခဲ့တာပါ။ အေစီမီလန်အသင်းနဲ့အတူ သုံးရာသီဆက်တိုက် အီတလီစီးရီးအေဖလားကို ရရှိခဲ့သူဖြစ်တဲ့အပြင် မန်စီးတီးအသင်းကို ရောက်လာချိန်မှာလည်း ခြေစွမ်းပြကစားနိုင်ခဲ့ပါတယ်။ ဘာလော့တယ်လီဟာ အင်တာမီလန်၊ မန်စီးတီး၊ အေစီမီလန်၊ လီဗာပူး၊ နိုက်စ် စတဲ့အသင်းတွေမှာ ကစားခဲ့ပြီး ချန်ပီယံလိဂ်ဖလား တစ်ကြိမ်၊ ပရီမီယာလိဂ်ဖလား တစ်ကြိမ်၊ အက်ဖ်အေဖလား တစ်ကြိမ်၊ စီးရီးအေဖလား သုံးကြိမ်နဲ့ ကိုပါအီတာလီယာဖလား တစ်ကြိမ် ရရှိခဲ့ပါတယ်။ အီတလီနိုင်ငံလက်ရွေးစင်အသင်းအတွက်တော့ ၃၅ ပွဲ ကစားပေးခဲ့ပြီး ၁၄ ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။

**တိုက်စစ်မှူး မာရီယိုဂေါ့ဇီ(၂၀၁၁)**

တိုက်စစ်မှူး မာရီယိုဂေါ့ဇီဟာ ဒေါ့မွန်အသင်းနဲ့အတူ ခြေစွမ်းပြကစားနိုင်ခဲ့တာမို့ ၂၀၁၁ ခုနှစ် Golden Boy ဆုကို ရရှိခဲ့တာပါ။ ကစားသမားဘဝကို ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့မှာ ဖြတ်သန်းခဲ့ပြီး လက်ရှိမှာလည်း ဒေါ့မွန်အသင်းမှာ ကစားနေတာပါ။ ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားမှာ ဂေါ့ဇီရဲ့သွင်းဂိုးနဲ့ ဂျာမနီအသင်း ကမ္ဘာ့ဖလားရရှိခဲ့ပါတယ်။ ကစားသမားဘဝအောင်မြင်မှုမှာ ကမ္ဘာ့ဖလားတစ်ကြိမ်၊ ဘွန်ဒက်လီဂါဖလား ငါးကြိမ်၊ ဂျာမန်ဖလား လေးကြိမ်နဲ့ ကမ္ဘာ့ကလပ်ဖလား တစ်ကြိမ် ရရှိခဲ့ပါတယ်။ ဂျာမနီလက်ရွေးစင်အသင်းမှာ ၆၃ ပွဲ ကစားပေးခဲ့ပြီး ၁၇ ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။

**ကွင်းလယ်ကစားသမား အစ္စကို(၂၀၁၂)**

အစ္စကိုဟာ ၂၀၁၂ ခုနှစ်မှာ မာလာဂါအသင်းနဲ့အတူ ခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် Golden Boy ဆုကို ရရှိခဲ့ပြီး ၂၀၁၃ ခုနှစ်မှာ ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့ခဲ့ပါတယ်။ လက်ရှိမှာ အစ္စကိုအနေနဲ့ ချန်ပီယံလိဂ်ဖလား လေးကြိမ်၊ လာလီဂါဖလား တစ်ကြိမ်၊ စပိန်ဘုရင့်ဖလား တစ်ကြိမ်၊ ကမ္ဘာ့ကလပ်ဖလား သုံးကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလား သုံးကြိမ် ရယူပေးထားခဲ့ပါတယ်။ စပိန်လက်ရွေးစင်အသင်းအတွက်တော့ ၃၂ ပွဲမှာ ၁၁ ဂိုး သွင်းပေးထားပါတယ်။

**ကွင်းလယ်ကစားသမား ပေါ့ဘာ(၂၀၁၃)**

ပေါ့ဘာဟာ ၂၀၁၃ ခုနှစ်မှာ သူ့ရဲ့စီနီယာကစားသမားဘဝ စတင်ခဲ့ပြီးနောက် Golden Boy ဆုကို ရရှိခဲ့ပါတယ်။ မန်ယူအသင်းမှာ ပုံမှန်မကစားရတာကြောင့် ဂျူဗင်တပ်အသင်းကို ပြောင်းရွှေ့ခဲ့ပြီး ဂျူဗင်မှာ အောင်မြင်မှုရရှိခဲ့တာမို့ မန်ယူက ပေါင် ၈၉ သန်းနဲ့ ပြန်လည်ခေါ်ယူခဲ့ပါတယ်။ ကစားသမားဘဝမှာ ကမ္ဘာ့ဖလား တစ်ကြိမ်၊ စီးရီးအေဖလား လေးကြိမ်၊ ကိုပါအီတာလီယာဖလား နှစ်ကြိမ်နဲ့ ယူရိုပါလိဂ်ဖလား တစ်ကြိမ် ရယူပေးထားနိုင်ခဲ့ပါတယ်။ ပြင်သစ်လက်ရွေးစင်အသင်းအတွက်တော့ ပွဲပေါင်း ၆၀ မှာ ၁၀ ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။

**တိုက်စစ်မှူး စတာလင်(၂၀၁၄)**

စတာလင်ဟာ လီဗာပူးအသင်းနဲ့အတူ ပွဲပေါင်း ၁၀၀ ကစားခဲ့ပြီး Golden Boy ဆုကိုလည်း လီဗာပူးအသင်းနဲ့အတူ ၂၀၁၄ ခုနှစ်မှာ ရရှိခဲ့ပါတယ်။ ၂၀၁၅ မှာတော့ မန်စီးတီးအသင်းကို ပြောင်းလာခဲ့ပါတယ်။ ၂၀၁၈ ကမ္ဘာ့ဖလားမှာလည်း အင်္ဂလန်အသင်းနဲ့အတူ ဆီမီးဖိုင်နယ်တက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။ ပရီမီယာလိဂ်ဖလား တစ်ကြိမ်၊ လိဂ်ဖလား နှစ်ကြိမ် ရယူပေးခဲ့ပြီး အင်္ဂလန်အသင်းနဲ့အတူ ၄၄ ပွဲမှာ နှစ်ဂိုး သွင်းယူပေးထားနိုင်ခဲ့ပါတယ်။

**တိုက်စစ်မှူး အန်တိုနီမာရှယ်(၂၀၁၅)**

တိုက်စစ်မှူး မာရှယ်ဟာ ၂၀၁၅ ခုနှစ်မှာ မန်ယူအသင်းကို ရောက်ရှိလာခဲ့ပြီးတဲ့နောက် Golden Boy ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ မန်ယူအသင်းကို မပြောင်းရွှေ့မီက မိုနာကိုအသင်းမှာ ခြေစွမ်းပြကစားခဲ့တာကြောင့် မန်ယူအသင်းက ပေါင် ၅၈ သန်းနဲ့ ခေါ်ယူခဲ့တာပါ။ အိုးထရက်ဖို့ဒ်မှာ နည်းပြ ဗန်ဟားလက်ထက် ထိပ်တန်းဂိုးသွင်းရှင်ဖြစ်လာခဲ့ပြီး လက်ရှိနည်းပြ မော်ရင်ဟိုလက်ထက်မှာတော့ ဆက်ဆံရေးမပြေလည်မှုကြောင့် ပုံမှန်ပွဲထွက်ကစားခွင့်ပါ ပျောက်ခဲ့ရသူပါ။ ကစားသမားဘဝမှာ အက်ဖ်အေဖလား တစ်ကြိမ်၊ လိဂ်ဖလား တစ်ကြိမ်နဲ့ ယူရိုပါလိဂ်ဖလား တစ်ကြိမ် ရယူနိုင်ခဲ့ပါတယ်။ ပြင်သစ်လက်ရွေးစင်အသင်းအတွက်တော့ ၁၈ ပွဲ ကစားပေးထားပြီး တစ်ဂိုး သွင်းယူပေးထားပါတယ်။

**ကွင်းလယ်ကစားသမား ရီနာတိုဆန်းချက်စ်(၂၀၁၆)**

ရီနာတိုဆန်းချက်စ်ဟာ ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ ယူရို ၂၀၁၆ ပြိုင်ပွဲမှာ ပေါ်တူဂီအသင်းနဲ့အတူ ပွဲထွက်လာခဲ့တဲ့ အသက်အငယ်ဆုံးကစားသမားတစ်ဦးဖြစ်ပြီး ပေါ်တူဂီအသင်း ယူရို ၂၀၁၆ ဖလားရရှိခဲ့တာကြောင့် Golden Boy ဆုကို ရရှိခဲ့တာပါ။ ကစားသမားဘဝမှာ ဘင်ဖီကာအသင်း၊ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဆွမ်ဆီးအသင်း(အငှား)တို့တွင် ကစားခဲ့ပြီး ယူရို ၂၀၁၆ ဖလား၊ ဘွန်ဒက်လီဂါဖလား တစ်ကြိမ်၊ ပေါ်တူဂီလိဂ်ဖလား တစ်ကြိမ်တို့ကို ရယူနိုင်ခဲ့တဲ့ ကစားသမားတစ်ဦး ဖြစ်ပါတယ်။ ပေါ်တူဂီလက်ရွေးစင်အသင်းအတွက်တော့ ၁၃ ပွဲ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး တစ်ဂိုး သွင်းယူပေးထားနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

၂၀၀၃ ခုနှစ်ကနေ လက်ရှိအချိန်အထိ ပေးအပ်ချီးမြှင့်ခဲ့တဲ့ Golden Boy ဆုဟာ ဘယ်ကစားသမားမှ တစ်ကြိမ်ထက်ပိုပြီး ရထားတာမရှိသေးပါဘူး။ ဒါပေမယ့် ၂၀၁၇ ခုနှစ်အတွက် Golden Boy ဆုရရှိထားတဲ့ တိုက်စစ်မှူး မက်ပီကတော့ ယခု ၂၀၁၈ အတွက်လည်း ရေပန်းစားနေပြီး နှစ်ကြိမ်ဆက်တိုက် ရရှိမယ်လို့လည်း သတင်းတွေ ထွက်ပေါ်လျက်ရှိပါတယ်။

ငွေကြယ် - ရေးသားသည်

# ဗန်းမော်-မံစီ ကားလမ်းရှိ နမ့်မဖွဲကျေးရွာတံတား ရေတိုက်စား၍ အုတ်ခုံအောက်ခြေကွဲအက်

**ဗန်းမော် စက်တင်ဘာ ၄**



ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်း ဗန်းမော်-မံစီသွား ကားလမ်း၌ စက်တင်ဘာ ၄ ရက် နံနက် ၆ နာရီခွဲက မန်ရွတ်ကျေးရွာနှင့် နမ့်မဖွဲ ကျေးရွာကြားရှိ နမ့်မဖွဲကျေးရွာတံတား ရေတိုက်စားကာ တံတားအောက်ခြေ အုတ်ခုံကွဲအက်ခဲ့သဖြင့် ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာရာတွင် အန္တရာယ်ရှိနိုင်ကြောင်း ပြည်နယ်မီးသတ်ဦးစီးမှူးရုံးမှ သိရသည်။

နမ့်မဖွဲကျေးရွာ တံတားအမှတ် (၁/၃၅၇) သံကူကွန်ကရစ်တံတား ၁၀ ပေ ရေတိုက်စားမှုကြောင့် တံတားအောက်ခြေ အုတ်ခုံကွဲအက်ကာ တံတားကျွံကျနိုင်သည့် အခြေအနေရှိနေ၍ ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာရာတွင် အန္တရာယ်ရှိနိုင်သည့် နေရာများ၌ ကြိုးတားအမှတ်အသားများ သတ်မှတ်ပေးခြင်း၊ ခရီးသည်များ အဆင်ပြေချောမွေ့စေရေးတို့ကို မံစီမြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပြည့်ဖြိုးအောင် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မတော်သားများ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးကာ လတ်တလော အခြေအနေအရ ယာဉ်ငယ်များသာ ဖြတ်သန်းနိုင်ပြီး ကုန်တင်ယာဉ်နှင့် ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၉၄ စီး၊ သွင်းကုန် ၆၇၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၉ စီး၊ သွင်းကုန် ၃၃၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇ ဒသမ ၀၀၉ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆၉၅ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈ ဒသမ ၇၀၄ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် စက်တင်ဘာ ၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က DONGFENG ယာဉ်တစ်စီးနှင့် NISSAN UD ယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင် သို့ဝှက်သယ်ဆောင်လာသည့် ပိတောက်ခားရွေ ၅ ဒသမ ၈၁၆၄ တန်နှင့် အဆိုပါ ပစ္စည်းသယ်ဆောင်သည့် ယာဉ် နှစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၆ ဒသမ ၀၂၄ သန်းခန့်)အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။**သတင်းစဉ်**

# တွံတေးတူးမြောင်းတွင် လုယက်မှုကျူးလွန်မည့်သူများအား ပစ်ခတ်ဖမ်းဆီး

**ရန်ကုန် စက်တင်ဘာ ၄**

ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ တွံတေးတူးမြောင်းတွင် စက်တင်ဘာ ၄ ရက် နံနက် ၁၂ နာရီခွဲက လုယက်မှု ကျူးလွန်မည့်သူများအား ဖမ်းဆီးစဉ် ပြန်လည်ခုခံသဖြင့် ရဲတပ်ဖွဲ့က သေနတ်ဖြင့်ပစ်ခတ်ရာ လုယက်သူ နှစ်ဦးမှာ နေရာတွင် သေဆုံးသွားပြီး တစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ တွံတေးတူးမြောင်းအတွင်းရပ်ထားသည့် ရေယာဉ်များပေါ်သို့တက်ရောက်၍ မကြာခဏလုယက်လေ့ရှိကြောင်း သတင်းများအရ ဆိပ်ကြီးခနောင်တိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အဆိုပါတူးမြောင်းအတွင်းရှိ ဦးစံသိန်း ကျောက်ကြီးကွင်း၌ ကျောက်ချရန်ရပ်ထားသည့် မြတ်ပုဂံကျောက်သင်္ဘောပေါ်တွင် စောင့်ဆိုင်းနေစဉ် စက်တင်ဘာ ၄ ရက် နံနက် ၁၂ နာရီခွဲခန့်တွင် မြတ်ပုဂံကျောက်သင်္ဘောအနီးသို့ လူသုံးဦးက စက်လှေတစ်စင်းဖြင့် ချဉ်းကပ်လာပြီး ဓားရှည်ကိုင်ထားသည့်နှစ်ဦးမှာ သင်္ဘောပေါ်သို့တက်ရောက်လာသဖြင့် တပ်ဖွဲ့ဝင်များက အဖမ်းခံရန်ပြောရာ ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရသည်။ နှစ်ဦးမှာ သေနတ်ထိမှန်သေဆုံးပြီး တစ်ဦးမှာ ရေထဲခုန်ချထွက်ပြေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ဓားဖြင့်ဝင်ရောက်ခုတ်သဖြင့် ဒုရဲအုပ် ဇော်မင်းထိုက်၏ ယာဘက်နားထင်တွင် ပြတ်ရှဒဏ်ရာတစ်ချက်ရရှိခဲ့ရာ ဆိပ်ကြီးခနောင်တိုမြို့နယ်ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသလျက်ရှိပြီး သေဆုံးသူနှစ်ဦးအား ဆေးရုံသို့ ပို့ဆောင်ထားကြောင်း၊ ရေထဲသို့ခုန်ချ ထွက်ပြေးသူအား ရဲတပ်ဖွဲ့က လိုက်လံရှာဖွေဖမ်းဆီးလျက်ရှိပြီး ရေယာဉ်များပေါ်သို့ လုယက်လေ့ရှိသူများအား ဆက်လက်စုံစမ်း ဖမ်းဆီးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

**ဇာနည်မောင်၊ အေးမင်းသူ(ကြေးမုံ)**

# အမြို့မြို့အနယ်နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၄**

မူးယစ်တပ်ဖွဲ့စု(၃၄)ကော့သောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၃ ရက် ည ၉ နာရီခန့်က ကော့သောင်းမြို့ ရွှေပြည်စိုးရပ်ကွက် မြို့ပတ်(၃)လမ်းနေ ဇော်မျိုးထွန်း(ခ)အာနိုး၏ နေအိမ်ကိုရှာဖွေရာ ဘိန်းစာမှုန့် ၅ ဒသမ ၀၄ ကီလိုကို လည်းကောင်း။

**ချမ်းမြသာစည်**

အလားတူ ထိုနေ့ မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်တန်ဖိုးနည်းအိမ်ရာ ၄၆ လမ်းနှင့် ၄၇လမ်းကြား၊ သံလမ်းနှင့် စံပယ်လမ်းကြား၌ မအိသန္တာကျော်(ခ)မဖြူစင်အိအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ပြည့်ဖြိုးအောင်(ခ)ကိုပြည့်နှင့် ချမ်းမြေ့သူ(ခ)ဖိုးချမ်းတို့ အခန်းအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅ ပြား၊ ငွေကျပ် ၁၁၉၀၀၀ နှင့် လက်ကိုင်ဖုန်းလေးလုံးတို့ကို လည်းကောင်း၊ ဆက်လက်၍ ပြည်ကြီးတံခွန်မြို့နယ် ဒူးကြားလမ်းတွင်နေထိုင်သူ မသက်သက်ဖြိုး(ခ)မသက်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၂၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

**ကျောက်မဲ**

ထို့အတူ နံနက် ၁ နာရီခွဲကလည်း ကျောက်မဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်မဲမြို့ အမှတ်(၉)ရပ်ကွက်တွင် စိုင်းသန်းထွန်းအား ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀ တို့ကို လည်းကောင်း။

**မဘိမ်း**

အလားတူ နံနက် ၃ နာရီခွဲက မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် အလယ်ကျေးရွာနှင့် ပွဲစမိတ်ကျေးရွာသွားလမ်းတွင် လူနှစ်ဦးပါရှိပြီး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်သည် စစ်ဆေးနေသည့်အဖွဲ့ကို တွေ့မြင်၍ မော်တော်ဆိုင်ကယ်ကို လှဲချပြီး တောထဲသို့ထွက်ပြေးသွားသဖြင့် ကျန်ရှိသည့် မော်တော်ဆိုင်ကယ်ကို သွားရောက်စစ်ဆေးရာ ဘိန်းဖြူဆပ်ပြာခွက် ၅၄ ခွက်(အလေးချိန် ၅၄ ဂရမ်) နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၂၀၀ တို့ကို လည်းကောင်း၊ ထိုနေ့ ည ၇ နာရီက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့ တံခမ်းရပ်ကွက် နယ်မြေ(၃) အရက်ဖိုလမ်းနေ တုံစိန်ခိုင်(ခ)မောင်ခိုင်၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၇၅ ဂရမ်၊ ဘိန်းစိမ်းတစ်ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားခံပြေးတစ်ဦး မြဝတီမြို့၌ ဖမ်းဆီးရမိ

**မြဝတီ စက်တင်ဘာ ၄**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့ မြဝတီမြို့ မြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ရဲအုပ် အောင်ချမ်းမွန်ဦးစီးအဖွဲ့သည် စက်တင်ဘာ ၃ ရက်က နယ်မြေသတင်းစုံစမ်းနေစဉ် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ သန်လျင်မြို့မရဲစခန်းမှ လူသတ်မှုဖြင့် အလိုရှိသည့် တရားခံပြေးတစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၃ ရက် နံနက် ၁၁ နာရီခွဲက မြဝတီမြို့ မြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ရဲအုပ် အောင်ချမ်းမွန်ဦးစီးအဖွဲ့သည် နယ်မြေသတင်းစုံစမ်းရာမှ သန်လျင်မြို့မရဲစခန်း (ပ)၁၂၄/၂၀၀၄၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၂၆/ကျင့် ၅၁၂ အမှုဖြင့် အလိုရှိသူ ဇော်မင်း(ခ)ဖိုးညက်(ခ)လှငွေအား မြဝတီမြို့ ၄ ရပ်ကွက် အောင်မြေရွှေပုံရပ် ရွှေပိုးစားသောက်ဆိုင်အနီးမှ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးရမိသည့် တရားခံပြေးဖြစ်သူ ဇော်မင်း(ခ)ဖိုးညက်(ခ)လှငွေအား သက်ဆိုင်ရာ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ သန်လျင်မြို့မရဲစခန်းသို့ လွှဲပြောင်းပေးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းသူ(ဘားအံ)**

# အထောက်အထားမဲ့ နိုင်ငံခြားဆေးဝါးများ သိမ်းဆည်းရမိ

**သထုံ စက်တင်ဘာ ၄**

သထုံခရိုင်နှင့် မြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၃ ရက် နံနက် ၁ နာရီခွဲခန့်က သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာအုပ်စု ကြာပန်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဘားအံမှ ရန်ကုန်သို့ ယာဉ်မောင်း ကိုမင်းနှင့် ယာဉ်နောက်လိုက် ရဲကျော် မောင်းနှင်လာသော ရွှေရတနာမွန်လုံယာဉ်အား စစ်ဆေးရာ နိုင်ငံခြားဆေးဝါးမျိုးစုံ တန်ဖိုး ငွေကျပ် ၂၉၀၃၈၅၀၀ ခန့်အား အထောက်အထားတစ်စုံတစ်ရာမတွေ့ရှိရသဖြင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား သုဓမ္မဝတီနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **လှိုင်ထွန်းအောင်**

# ဘိုကလေး၌ ရေလုပ်သားတစ်ဦး မိချောင်းဆွဲခံရ

**ဘိုကလေး စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ချောင်းဖြကြီးကျေးရွာအုပ်စု လှေလုံးကွဲကျေးရွာ၌ ယနေ့နံနက် ၆ နာရီတွင် ရေလုပ်သားတစ်ဦး မိချောင်းဆွဲခံရသည်။

မိချောင်းဆွဲခံရသူ ဦးကျော်ဆန်း ၄၂ နှစ်မှာ ချောင်းဖြကြီးကျေးရွာအုပ်စု လှေလုံးကွဲကျေးရွာနေသူဖြစ်ပြီး ရေလုပ်ငန်းနှင့် လယ်ယာလုပ်ငန်း လုပ်ကိုင်သူဖြစ်ကြောင်း၊ လှေလုံးကွဲချောင်းအတွင်းရှိ တံတားတွင် ခြေဆေးနေစဉ် မိချောင်းမှပုတ်ချပြီး လက်ကိုကိုက်ခဲ့ရာ ၎င်းမှ ရုန်းကန်သဖြင့် ခြေထောက်ကို ကိုက်ရန်ကြိုးစားခဲ့ကြောင်း၊ ၎င်းနှင့် ၎င်း၏ဇနီးတို့ ဝိုင်းဝန်း ခြောက်လှန့်သဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်းနှင့် လက်၊ ခြေထောက်တို့တွင် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

# သက်ငယ်မုဒိမ်းမှုကျူးလွန်သူအား အလုပ်နှင့်ထောင်ဒဏ် အနှစ် ၂၀ ပြစ်ဒဏ် ချမှတ်

**မိတ္ထီလာ စက်တင်ဘာ ၄**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် စွန်ချောင်းကျေးရွာတွင် သက်ငယ်မုဒိမ်းမှု ကျူးလွန်ခဲ့သူအား အလုပ်နှင့် ထောင်ဒဏ် အနှစ် ၂၀ (တစ်သက်တစ်ကျွန်း) ပြစ်ဒဏ်ကျခံစေရန် စက်တင်ဘာ ၄ ရက် ညနေ ၃ နာရီ က မိတ္ထီလာခရိုင် တရားရုံးက အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အမှုဖြစ်စဉ်မှာ ဝမ်းတွင်းမြို့နယ် ရိုးစုံကျေးရွာအုပ်စု စွန်ချောင်းကျေးရွာမှ ၁၅ နှစ်အရွယ် မိန်းကလေးငယ်အား မုဒိမ်းမှုကျူးလွန်ခဲ့သည့် တစ်ရွာတည်းနေ မောင်ကြုံအား ခရိုင်တရားရုံးမှ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**၁၉၉**



လှိုင်မြို့နယ် အမှတ်(၄)ရပ်ကွက် အလက(၈)တွင် စက်တင်ဘာ ၄ ရက်က ပိတောက်ချောင်းနယ်မြေရဲစခန်းမှူး ရဲအုပ် ဝင်းမင်းထွန်း ကျောင်းသားကျောင်းသူများအား မှုခင်းပြခန်းယာဉ်ဖြင့် ရှင်းလင်းပြသစဉ်။ မီးမီး(လှိုင်)

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား အသက် ၁၉ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၄**

၂၀၁၈ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား အသက် ၁၉ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို စက်တင်ဘာ ၂ ရက် ညနေ ၃ နာရီခွဲက မန္တလေးမြို့ ဗထူးအားကစားပြိုင်ကွင်း၌ ကျင်းပရာ မိုးကုတ်မြို့နယ်အသင်းက အောင်မြေသာစံမြို့နယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်ကြည့်ရှုအားပေးပြီး အနိုင်ရ ဗိုလ်စွဲသွားသည့် မိုးကုတ်မြို့နယ်ဘောလုံးအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဆုရရှိသည့် အောင်မြေသာစံမြို့နယ်အသင်းအား တိုင်းဒေသကြီး သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်ကလည်းကောင်း၊ ပထမဆုရ မိုးကုတ်မြို့နယ်အသင်းမှ အားကစားသမားများအား ရွှေတံဆိပ်ဆုများကို တိုင်းဒေသကြီး လျှပ်စစ်စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်ကလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် ဂိုးသမားအကောင်းဆုံးဆုနှင့် နောက်တန်းအကောင်းဆုံးဆုရ အားကစားသမားများအား တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းကလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အလယ်တန်းနှင့် ရှေ့တန်းအကောင်းဆုံးဆုရ အားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းကလည်းကောင်း ဆုများချီးမြှင့်သည်။

ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး မြို့နယ် ၂၈ မြို့နယ် အသင်းတို့ အုပ်စုလေးစုခွဲ၍ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

**မောင်ပြည်သူ(မန္တလေး)**





# ကယားပြည်နယ်ဝန်ကြီးချုပ် ဝန်ထမ်းများအား တွေ့ဆုံ

**လွိုင်ကော် စက်တင်ဘာ ၄**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာ ၁၄ ခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီခွဲက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြောင်းလဲမှုအရွေ့တစ်ခု ဖော်ဆောင်ရာတွင် အစိုးရတစ်ရပ်တည်းဖြင့် မရကြောင်း၊ ဌာနများ၏ ယုံကြည်သက်ဝင်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် လိုက်ပါရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာမှာ စနစ်ဟောင်းကို ဖြတ်သန်းခဲ့ရသည့်အတွက် ခေါက်ရိုးကျိုးနေသည့်ပုံစံများ ကျန်ရှိနေသေးရာ ခရီးပေါက်မြောက်သင့်သလောက် ပေါက်မြောက်မှု မရှိသေးကြောင်း၊ ဝန်ထမ်းများတွင် ပြောင်းလဲမှု၌ လိုက်ပါဆောင်ရွက်သူများရှိသလို လိုက်ပါမှု အားနည်းနေသူအချို့လည်း ကျန်ရှိနေသေးသည့်အတွက် အခက်အခဲများ၊ စိန်ခေါ်မှုများရှိနေကြောင်း၊ ဝန်ထမ်းများအနေဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်သလို ပြည်သူတွေကလည်း ညီညီညွတ်ညွတ် ပူးပေါင်းလိုက်ပါဆောင်ရွက်မည်ဆိုပါက တိုးတတ်မှုအရွေ့တစ်ခုကို ရောက်ရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက ဦးစီးဌာနများ၏ လုပ်ငန်းတာဝန်များအား ချပြရှင်းလင်းပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများမှ အရာထမ်းများ၊ အမှုထမ်းများက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးများက မြို့နယ်အတွင်း ဌာနဆိုင်ရာများဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနတာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို ချပြရှင်းလင်းခဲ့ကြောင်း သိရသည်။

**အောင်ထွန်းလေး**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်ထံ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**ဘားအံ စက်တင်ဘာ ၄**

Excelent Fortune Foundation မှ ပြည်နယ်အစိုးရအဖွဲ့ထံသို့ ရေဘေးကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အလှူငွေကျပ် သိန်း ၃၀၀ ကို စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းသည်။

Excelent Fortune Foundation မှ ဦးစိုင်းမျိုးဝင်းက နိုင်ငံသားတစ်ဦးအနေဖြင့် တတ်နိုင်သည့် ဘက်က ရေဘေးဒုက္ခများ ကြုံတွေ့နေရသည့် ပြည်သူများအား လှူဒါန်းဆောင်ရွက်ခွင့်ရသည့်အတွက် ကျေးဇူးတင်ဝမ်းသာမိပါကြောင်း ပြောကြားပြီး ဦးစိုင်းမျိုးဝင်း-ဒေါ်နန်းခင်မြင့်ရီ Excelent Fortune Foundation မှ အလှူငွေကျပ် သိန်း ၃၀၀ ကိုပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။




ပြည်နယ်ဝန်ကြီးချုပ်က ယခုကဲ့သို့ ကူညီလှူဒါန်းပေးကြသည့် စေတနာရှင်၊ အလှူရှင်များအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မကွေးတက္ကသိုလ်၌ အင်္ဂလိပ်စကားပြော သင်တန်းဆင်းပွဲကျင်းပ

**မကွေး စက်တင်ဘာ ၄**

မကွေးတက္ကသိုလ်ရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနမှ စီစဉ်ဖွင့်လှစ်ခဲ့သည့် Certificate Spoken English Course သင်တန်းဆင်းပွဲကို ဩဂုတ် ၃၁ ရက် ညနေ ၃နာရီက ယင်းတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မကွေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက "သင်တန်းမှ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြောနှင့် နားထောင်မှုစွမ်းရည်များ ကျွမ်းကျင်မှုရှိစေရေး၊ ကျောင်းတွင်သင်ကြားနေသည့် သင်ခန်းစာများအပြင် သင်ကြားပေးသည့်အတွက် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေမှာဖြစ်သဖြင့် နိုင်ငံတော်အတွက် များစွာအထောက်အကူဖြစ်စေကြောင်း" ပြောကြားသည်။

သင်တန်းကို ဇူလိုင် ၁၀ ရက်မှ ဩဂုတ် ၃၁ ရက်ထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး ကျောင်းသား ကျောင်းသူ ၉၈ ဦး တက်ရောက်ခဲ့သည်။ အဆိုပါသင်တန်းဆင်းပွဲသို့ မကွေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦး၊ ဒုတိယပါမောက္ခချုပ်များဖြစ်သည့် ဒေါက်တာဝင်းစိုး၊ ဒေါက်တာသန်းသန်းဦးနှင့် ပါမောက္ခ/ဌာနမှူးများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဖြိုးလေး(ပြန်/ဆက်)**

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အသိပညာပေးဟောပြော

**လှည်းကူး စက်တင်ဘာ ၄**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ပညာရေးကောလိပ် အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီက လူကုန်ကူးမှုအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု ၆ ရန်ကုန်မှ ဒုတိယရဲမှူးဝေလွင်နှင့် လှည်းကူးမြို့နယ်ဥပဒေရုံးမှ ဒုတိယဥပဒေအရာရှိ ဦးထွန်းမြတ်ဦးတို့က လူကုန်ကူးမှုအန္တရာယ်ကာကွယ်တားဆီးရေးနှင့် ဥပဒေအကြောင်းအရာများကို အသိပညာပေးရှင်းလင်းဟောပြောခဲ့ကြပြီး တာဝန်ရှိသူများက လူကုန်ကူးမှုအန္တရာယ် ကာကွယ်တားဆီးရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **နိုင်လင်း(ပြန်/ဆက်)**

# မုံရွာမြို့နယ် ကျွန်းရွာသစ်တွင် ရေဆိုးထုတ်မြောင်းဖွင့်ပွဲ ကျင်းပ

**မုံရွာ စက်တင်ဘာ ၄**

မုံရွာမြို့နယ် ကျွန်းရွာသစ်ကျေးရွာအုပ်စု ကျွန်းရွာသစ်ကျေးရွာ ကျောက်ကြီးစီရေဆိုးမြောင်းဖွင့်ပွဲကို စက်တင်ဘာ ၃ ရက် နေ့လယ်ပိုင်းက ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည် တက်ရောက်သည်။

"ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းကျော်ရဲ့ ၃၈ ဒသမ ၈ ရာခိုင်နှုန်းဟာ ဆင်းရဲနွမ်းပါးတဲ့သူတွေဖြစ်ပါတယ်။ ကျေးလက်နေသူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ ကျေးလက်နေ ပြည်သူတွေရဲ့ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရည်မှန်းချက်မူဝါဒလုပ်ငန်းစဉ်တွေ ချမှတ်ဆောင်ရွက်နေတာတွေ့ရပါတယ်"ဟု ဝန်ကြီး ဦးမြင့်ကြည်က ပြောသည်။

"ကျောက်ကြီးစီရေဆိုးမြောင်းဖောက်လုပ်လိုက်တဲ့အတွက် အရင်ကကြုံရတဲ့ပြဿနာတွေ မဖြစ်တော့ဘဲ ကျေးရွာမှာရှိတဲ့ အိမ်ထောင်စု ၂၂၂ စုနဲ့ နဂါးတွင်းရွာက အိမ်ထောင်စု ၆၇ စုတို့မှာ အကျိုးကျေးဇူးတွေ အများကြီးရနေပါပြီ။ ချင်းတွင်းမြစ်ရေကြီးရင် ရွာထဲစိမ့်တဲ့ရေတွေက အခုမြောင်းကနေ ထုတ်လိုက်တာဆိုတော့ အများကြီးအဆင်ပြေတာပေါ့" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်လင်းက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# စစ်တွေမြို့၌(၇၉)နှစ်မြောက် ဦးဥတ္တမနေ့အထိမ်းအမှတ်ဟောပြောပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

**စစ်တွေ စက်တင်ဘာ ၄**

(၇၉)နှစ်မြောက် ဦးဥတ္တမနေ့အထိမ်းအမှတ် ကျောင်းပေါင်းစုံ တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်နှင့် မူလတန်းအဆင့်ဟောပြောပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက စစ်တွေမြို့ အထက ၂ ဓမ္မဇေယျခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် ပြည်နယ်ပညာရေးမှူး ဦးအောင်သန်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး စာရေးဆရာ စစ်တွေညိုသန့်က ဟောပြောပွဲနှင့်ကဗျာရွတ်ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဟောပြောပွဲ၌ တက္ကသိုလ်အဆင့် ကျောင်းသားကျောင်းသူ နှစ်ဦးက ဆရာတော်ဦးဥတ္တမ၏ နိုင်ငံရေးဩဝါဒ အနှစ်သာရခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၁ ဦးက ဆရာတော် ဦးဥတ္တမ ထာဝရမမေ့နိုင် ယနေ့တိုင် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာရွတ်ပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၃ ဦးက ဦးဥတ္တမအာဇာနည် ခေါင်းစဉ်ဖြင့်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် ကျောင်းအခြေပြု မီနီမာရသွန်ပြိုင်ပွဲ ကျင်းပ

**မောက်မယ် စက်တင်ဘာ ၄**

ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် ကျောင်းအခြေပြု မီနီမာရသွန်ပြိုင်ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်၌ စက်တင်ဘာ ၃ ရက် နံနက် ၆ နာရီက နမ့်ယွမ်းခန်းမရှေ့၌ပြုလုပ်ရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့်အဖွဲ့ တက်ရောက်သည်။

အဆိုပါ ကျောင်းအခြေပြု မီနီမာရသွန်ပြိုင်ပွဲကို မောက်မယ်မြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့သည်။

**မောက်မယ်(ပြန်/ဆက်)**

**ဆေးလိပ်ငွေ့ကင်းစင် မြန်ပြည်တစ်ခွင်**

## တိုတိုထွာထွာဖတ်စရာ

### ဟားခါးမြို့ပေါ်ရှိ ဆေးဆိုင်များအား ရှောင်တခင်စစ်ဆေး

**ဟားခါး**

ချင်းပြည်နယ် ဟားခါးမြို့ပေါ်ရှိ ဆေးဆိုင်များ၌ မွေးကင်းစကလေးငယ်များ သောက်သုံးသည့် Dumex Mamil Gold Infant Milk Formulas (Step-1) နို့မှုန့်များတွင် အသက်အန္တရာယ်ဖြစ်စေနိုင်သည့် Cronobarter Sakazakii အမည်ရှိ ဘက်တီးရီးယားပိုးတွေ့ရှိရသဖြင့် အဆိုပါနို့မှုန့်ရောင်းချမှု ရှိ၊ မရှိနှင့် စံနှုန်းကိုက်ညီမှုမရှိသော ဆေးဝါးများရောင်းချမှု ရှိ၊ မရှိကို စက်တင်ဘာ ၃ ရက်တွင် ရှောင်တခင် ကွင်းဆင်းစစ်ဆေးကြသည်။

ကွင်းဆင်းစစ်ဆေးရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးကော်မတီဝင်များဖြစ်သည့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟားခါးမြို့နယ်ရဲတပ်ဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ ကျန်းမာရေးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့က ဟားခါးမြို့ပေါ်ဈေးဆိုင်များအားလုံးကို လိုက်လံကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

### မြဝတီမြို့အတွင်း လုံခြုံရေးဆောင်ရွက်နိုင်ရေး စည်းဝေး

**မြဝတီ**

နယ်မြေအတွင်း လုယက်မှုနှင့် ဒုစရိုက်မှုများ၊ ဆူပူမှုများ လျော့နည်းပပျောက်စေရေး မြို့တွင်းလုံခြုံရေးဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက မြဝတီမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူးတို့က လက်ရှိဆောင်ရွက်လျက်ရှိသော လုံခြုံရေးလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ချပြဆွေးနွေးရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက လုံခြုံရေးဆောင်ရွက်သည့်အခါ ကြုံတွေ့ရသည့်အခက်အခဲများကို ဆွေးနွေးခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

### သွေးလွန်တုပ်ကွေးရောဂါအကြောင်း အသိပညာပေး

**မိုင်းယု**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့ ဝမ်တာကြန့်ကျေးရွာအုပ်စု ခါဆမ်မိန်းကျေးရွာ အခြေခံပညာမူလတန်း(လွန်) ကျောင်း၌ စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက သွေးလွန်တုပ်ကွေးရောဂါနှင့် တစ်ကိုယ်ရေကျန်းမာရေးအကြောင်း အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါဟောပြောမှုတွင် ဝမ်တာကြန့်ကျေးရွာအုပ်စု ဝမ်တာကြန့်ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမ ဒေါ်ဖြူဖြူဝင်းက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားပုံ၊ ကာကွယ်ရန်နည်းလမ်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးဖြစ်သည့် သန့်လေးသန့်အကြောင်းကို ရှင်းလင်းဟောပြောပြီး ကျန်းမာရေးပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မိုင်းယု(ပြန်/ဆက်)**

### စာတတ်မြောက်ရေးနေ့အကြိုစာဖတ်စွမ်းရည်ပြိုင်

**ချောင်းဆုံ**

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ကြိုဆိုသောအားဖြင့် စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးရှိ ကလေးစာဖတ်ခန်းတွင် စာဖတ်စွမ်းရည်ပြိုင်ပွဲများ ပြုလုပ်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ကလေးငယ်များမှ မိမိတို့ဖတ်ရှုထားသည့် စာအုပ်ပါအကြောင်းအရာများအား သေချာမှတ်ထားပြီး တစ်ဦးချင်း ပြန်လည်ပြောပြစေကာ အကောင်းဆုံးပြောပြနိုင်သည့် ကလေးငယ်သုံးဦးအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ **သူဇာ(ချောင်းဆုံ)**

### ဝက်လက်မြို့၌လယ်ယာဥပဒေဆွေးနွေးပွဲကျင်းပ

**ဝက်လက်**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရွှေခြသေ့်တောင်သူကွန်ရက်အဖွဲ့အစည်းက ပြုလုပ်သော ၂၀၁၂ ခုနှစ် လယ်ယာဥပဒေဆွေးနွေးပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ မြင့်မင်္ဂလာခန်းမတွင် ကျင်းပသည်။

ယခုကဲ့သို့ ဆွေးနွေးပွဲပြုလုပ်ရခြင်းသည် ရပ်ကွက်၊ ကျေးရွာ လယ်ယာမြေဥပဒေများနားလည်ပြီး မိမိတို့ရပ်ရွာအတွင်းရှိ လယ်ယာမြေဥပဒေများကို ပြန်လည်ရှင်းလင်းစေပြီး ရပ်ကွက်အတွင်းရှိ ဖြစ်ပေါ်နေသောပြဿနာများကို လျော့နည်းစေရေးအတွက် ဆွေးနွေးပွဲလာရောက်ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ဦးဆောင်ဆွေးနွေးသူ ဦးဝမ်းဇော်က ပြောကြားသည်။ **ဝက်လက် (ပြန်/ဆက်)**

### ကျိုက်ထို၌ကလေးစာပေပွဲတော်ကျင်းပရေးညှိနှိုင်းစည်းဝေး

**ကျိုက်ထို**

ကလေးစာပေပွဲတော်၊ စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ကျင်းပရေးလုပ်ငန်းအကြို ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်ခဲ့သည်။

အဆိုပါစာပေပွဲတော်ကို နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျိုက်ထိုမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

## ညောင်ဦးမြို့နယ်၌ မိုးမြေပဲ မျိုးစေ့ထုတ်စိုက်ခင်း တစ်ဧက ၆၆ ဒသမ ၈၁ တင်းနှုန်း ထွက်ရှိ



**ညောင်ဦး စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် အပူပိုင်းဇုန်ဒေသအတွင်း ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့ ပူးပေါင်းစီစဉ် ဆောင်ရွက်သည့် ရေချွေတာသုံးစွဲခြင်းနည်းစနစ်ဖြင့် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသော မိုးမြေပဲမျိုးစေ့ထုတ်စိုက်ခင်း တောင်သူပညာပေး စံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီက ညောင်ဦးမြို့နယ် နပွလင်ကျေးရွာရှိ တောင်သူဦးသောင်းဝင်း၏ ကွင်းအမှတ် (၁၆၂၆) ဦးပိုင်အမှတ်(၃၉) မိုးမြေပဲ မျိုးစေ့ထုတ်စိုက်ခင်းတွင် ကျင်းပသည်။

ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးနိုင်၊ ညောင်ဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဝင်းနှင့်အဖွဲ့၊ ဌာနဆိုင်ရာများနှင့် တောင်သူများက နပွလင်ကျေးရွာ တောင်သူ ဦးသောင်းဝင်း၏ ရေချွေတာသုံးစွဲနည်းစနစ်ဖြင့် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသော မိုးမြေပဲ မျိုးစေ့ထုတ်စိုက်ခင်းအား ကြည့်ရှုပြီး စံကွက်ရိတ်သိမ်းခဲ့ရာ ပျမ်းမျှတစ်ဧကအထွက်နှုန်း ၆၆ ဒသမ ၈၁ တင်း ထွက်ရှိကြောင်းသိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မြိတ်တက္ကသိုလ်တွင် စုပေါင်းအမှိုက်ကောက်

**မြိတ် စက်တင်ဘာ ၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် တက္ကသိုလ် ကျောင်းသား ကျောင်းသူများအား ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ဖြစ်စေရေး၊ တက္ကသိုလ်သန့်ရှင်း သာယာလှပရေးအတွက် စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက မြိတ်တက္ကသိုလ်ဝင်းအတွင်း၌ စုပေါင်းအမှိုက်ကောက် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စုပေါင်းအမှိုက်ကောက် ဆောင်ရွက်ရာတွင် မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်း၊ တက္ကသိုလ် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ TRASH HERO MYANMAR မြိတ်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ခရီးသွားဧည့်လမ်းညွှန်အသင်းဝင်များ စုပေါင်းကာ အမှိုက်ကောက်ခဲ့ကြပြီး ယင်းအမှိုက်များကို စည်ပင်သာယာရေးအဖွဲ့ အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းပေးခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

## ကျောက်ပန်းတောင်းတွင် ထန်းနှင့် ဝါးပင်များစိုက်ပျိုး

**ကျောက်ပန်းတောင်း စက်တင်ဘာ ၄**

ကျောက်ပန်းတောင်းမြို့နယ် တင့်ကန်ကျေးရွာအုပ်စုရှိ ရွာတန်းရှည်ကျေးရွာအပါအဝင် တံခါးကြီးကျေးရွာ လမ်းခွဲအနီးဖြစ်သော တံခါးကြီးကျေးရွာအနီးတစ်ဝိုက်ရှိ ကန်ပေါင်များနှင့် ခုတ်လှဲခံရသည့် ကွင်းပြင်တစ်လျှောက်ရှိ ယာခင်းများ၌ ထန်းစေ့အညှောက် အပင် ၁၀၀၀၀ နှင့် ဝါးပင် ၅၀၀၀ ကို "တော်ဝင်ထန်း" အဖွဲ့နှင့် ဒေသခံ ၁၀၀ ကျော်က စက်တင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် စနစ်တကျ အပင်များစီတန်း၍ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

"တော်ဝင်ထန်း" အဖွဲ့အား စတင်တည်ထောင်သူနှင့် အဖွဲ့ဥက္ကဋ္ဌ ဒေါ်ပိုးဖြူက "ဒေသခံများအတွက် အပင်ထိန်းသိမ်းဖို့ အုပ်စုလိုက် တာဝန်ယူခိုင်းထားပြီး အပင်မသေဘဲ အပင်အများဆုံးထွက်ပြီး အညှောင့်အများဆုံးထွက်တာကို ထိန်းသိမ်းနိုင်တဲ့ အုပ်စုကို ကျွန်မတို့အဖွဲ့အနေနဲ့ ဆုချီးမြှင့်သွားမှာဖြစ်ပါတယ်။ ထန်းပင်အမြစ်ဟာဆိုရင် မြေအောက်အနက်ပေ ၂၀၀ က ရေတွေကို စုပ်ယူနိုင်တာဖြစ်ပါတယ်။ ဒီလိုစုပ်ယူလိုက်ခြင်းအားဖြင့် ရေလွှာတွေဟာဆိုရင် မြေကြီးအပေါ်ကို ရောက်ရှိလာမှာမို့ ဒေသခံတွေအနေနဲ့လည်း အခြားသီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ကြမှာဖြစ်ပါတယ်။ ဒေသခံများကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြီး လက်မှုပညာသင်တန်းများကိုပါ စဉ်ဆက်မပြတ် ပို့ချပေးနေပါတယ်" ဟု ပြောသည်။ **(ပွင့်သစ္စာ)**

## စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရေး သုတရသစာပေဆွေးနွေးပွဲ ကျင်းပ

**ပုလဲ စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ သတ္တမအကြိမ် သုတရသစာပေဆွေးနွေးပွဲကို စက်တင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီခွဲက ကျင်းပသည်။

ပုလဲမြေ စာပေဝါသနာတူကလပ်အသင်းဥက္ကဋ္ဌ ဦးညွန့်ဆောင် (မြတ်မင်းမွန်-ပုလဲ) က ယနေ့အချိန်ကာလတွင် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ လျော့နည်းကျဆင်းလာနေသည့်အတွက် ပုလဲမြို့နယ်အတွင်းရှိ ပြည်သူများ စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိလာရေးကိုရည်ရွယ်ပြီး လစဉ် ပုလဲမြေစာပေဝါသနာတူကလပ်အသင်းကကြီးမှူး၍ သုတရသစာပေဆွေးနွေးပွဲကို ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆရာဦးနေလင်း (ခေတ်လှိုင်း-ပညာရေးဘော်ဒါ) က စာရေးဆရာ ချစ်နိုင် (စိတ်ပညာ) ၏ "ကျွမ်းကျင်သူဖြစ်စေနည်း" ဆောင်းပါးကို ဦးဆောင်၍ ဆွေးနွေးခဲ့သည်။ ထို့နောက် သုတရသစာပေဆွေးနွေးပွဲသို့ တက်ရောက်လာသည့် စာပေချစ်မြတ်နိုးသူများက "ကျွမ်းကျင်သူဖြစ်စေနည်း" ဆောင်းပါးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

## ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ရေးအစီအစဉ် မြို့နယ်အဆင့်သင်တန်းဖွင့်လှစ်

**အမ်း စက်တင်ဘာ ၄**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးကျင်းပသော ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့က မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ရေးအစီအစဉ် မြို့နယ်အဆင့် သင်တန်းဖွင့်လှစ်ခြင်းနှင့် ပို့ချဆွေးနွေးခြင်းကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။



မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာအောင်ကျော်မိုးတို့က ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့က မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ရေးအစီအစဉ်အား သိမြင်နားလည်မှု မြှင့်တင်ခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အကြောင်းများကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးလက်ကျန်းမာရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသူငယ်များအား လစဉ် ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ကျွေးခြင်းအားဖြင့် အာဟာရပိုမိုရရှိလာမှုအခြေအနေ အဆင့်ဆင့်တို့ကို ပို့ချဆွေးနွေးခြင်းများပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါထောက်ပံ့ကြေးငွေကို မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုခံယူမှသာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

နိုင်လင်းကြည်

# တစ်ပတ်အတွင်း အားကစားသတင်းများ



## လီဗာပူးဘယ်နောက်ခံကစားသမား ရောဘတ်ဆန် စကော့တလန်အသင်းခေါင်းဆောင်ဖြစ်လာ

စကော့တလန်လက်ရွေးစင်အသင်းက အသင်းခေါင်းဆောင်သစ်အဖြစ် လီဗာပူးဘယ်နောက်ခံကစားသမား ရောဘတ်ဆန်ကို စက်တင်ဘာ ၃ ရက်က ခန့်အပ်လိုက်တာကြောင့် အဲဒီနေ့ဟာ ရောဘတ်ဆန်အတွက်တော့ ဂုဏ်ယူစရာနေ့တစ်နေ့ဖြစ်လာခဲ့ပါတယ်။ အသက် ၂၄ နှစ်အရွယ် ရောဘတ်ဆန်ဟာ ယခုနှစ်အစောပိုင်းမှာ စကော့တလန်အသင်းခေါင်းဆောင်အဖြစ်ကနေ အနားယူသွားပြီဖြစ်တဲ့ ဆဲလ်တစ်ကွင်းလယ်ကစားသမား စကော့ဘရောင်းရဲ့ တာဝန်ကို ဆက်လက်ထမ်းဆောင်ခွင့်ရရှိခဲ့တာဖြစ်ပြီး စကော့ဘရောင်းဟာ စကော့တလန်အသင်းခေါင်းဆောင်အဖြစ် နှစ်ကြိမ်တိုင်တိုင် တာဝန်ယူခွင့်ရရှိခဲ့သူဖြစ်ပါတယ်။ ရောဘတ်ဆန်အနေနဲ့ စကော့တလန်လက်ရွေးစင်အသင်းနဲ့အတူ ပွဲပေါင်း ၂၂ ပွဲ ပါဝင်ကစားပေးထားပြီး သွင်းဂိုးနှစ်ဂိုးသွင်းယူထားတဲ့ နောက်တန်းကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။




## လီဗာပူးကွင်းလယ်ကစားသမား ဟန်ဒါဆန် ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆို

လီဗာပူးအသင်းကွင်းလယ်ကစားသမား ဟန်ဒါဆန်ဟာ သူ့ရဲ့ကစားသမားဘဝဖြတ်သန်းမှုကို အန်ဖီးလ်တွင် ဆက်လက်ရှင်သန်နိုင်ဖို့အတွက် ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။ ဟန်ဒါဆန် အနေနဲ့ ၂၀၁၁ ခုနှစ်အတွင်းက ပြောင်းရွှေ့ကြေးပေါင် ၁၆ သန်းနဲ့ လီဗာပူးအသင်းကို ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လီဗာပူးအသင်းနဲ့အတူ ပွဲပေါင်း ၂၈၃ ပွဲပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၂၄ ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ကွင်းလယ်ကစားသမား ဟန်ဒါဆန်ဟာ အခုငါးနှစ်သက်တမ်းရှိစာချုပ်သစ်ချုပ်ဆိုခဲ့ခြင်းကြောင့် လီဗာပူးအသင်းမှာ ၂၀၂၃ ခုနှစ်အထိ ဆက်ရှိနေမှာဖြစ်ပြီး အန်ဖီးလ်မှာ ကစားသမားဘဝ ၁၂ နှစ်ကြာဖြတ်သန်းမှုလည်း ဖြစ်လာတော့မှာပါ။ လီဗာပူးအသင်းကနေ အသင်းခေါင်းဆောင်စတီဗင်ဂျာရတ် ထွက်ခွာသွားပြီးတဲ့နောက်မှာ ကွင်းလယ်ကစားသမား ဟန်ဒါဆန်ဟာ လီဗာပူးအသင်းခေါင်းဆောင်ဖြစ်လာခဲ့ပါတယ်။

## ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တက်လှမ်း

ဆားဘီးယား ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား ဂျိုကိုဗစ်ဟာ ဂျာအိုဆူဆာကို ၆-၃၊ ၆-၄၊ ၆-၃ နဲ့ အနိုင်ရရှိခဲ့ပြီး အမေရိကန်အိုးပင်း တင်းနစ်ပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းသွားခဲ့ပြီဖြစ်ပါတယ်။

ဂျိုကိုဗစ်အနေနဲ့ ကွာတားဖိုင်နယ်အဆင့်မှာ ရော်ဂျာဖက်ဒဲရာနဲ့ တွေ့ဆုံဖွယ်ရှိနေပါတယ်။ အမေရိကန်အိုးပင်းတင်းနစ် ချန်ပီယံနှစ်ကြိမ်ဖြစ်ထားတဲ့ ဂျိုကိုဗစ်ဟာ ဂျာအိုဆူဆာနဲ့ ကစားခဲ့တဲ့ပွဲမှာ ပထမပွဲငယ်နှစ်ပွဲမှာ အကောင်းဆုံးကစားနိုင်ခဲ့ပေမယ့် တတိယပွဲငယ်မှာတော့ ခက်ခက်ခဲခဲကစားခဲ့ပြီး အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ဂျိုကိုဗစ်ဟာ ၂၀၀၆ ခုနှစ်နောက်ပိုင်း အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့စဉ်တိုင်း အနိမ့်ဆုံးဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။ ဆွစ်ဇာလန်တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲရာဟာ စတုတ္ထအဆင့်မှာ ဩစတြေးလျတင်းနစ်ကစားသမား ဂျွန်မီလ်မန်းကို အနိုင်ရရှိခဲ့မယ်ဆိုရင် ကွာတားဖိုင်နယ် အဆင့်မှာ ဂျိုကိုဗစ်နဲ့ ဖက်ဒဲရာတို့ တွေ့ဆုံမှာဖြစ်ပါတယ်။ ဂျပန်တင်းနစ်ကစားသမား နီရှိုကိုရီနဲ့ ခရိုအေးရှားတင်းနစ်ကစားသမား စီလစ်တို့လည်း ကွာတားဖိုင်နယ်အဆင့်မှာ တွေ့ဆုံနေပါတယ်။








## ကျောဒဏ်ရာကြောင့် စပိန်၊ ဆွစ်ဇာလန်တို့နဲ့ပွဲမှာ ပါဝင်လာမည်မဟုတ်တဲ့ စတာလင်

မန်စီးတီးတိုက်စစ်မှူး စတာလင်ဟာ စပိန်အသင်း၊ ဆွစ်ဇာလန်အသင်းတို့နဲ့ ယှဉ်ပြိုင်ကစားမယ့်ပွဲစဉ်တွေမှာ အင်္ဂလန်အသင်းနဲ့အတူ ပါဝင်လာမှာမဟုတ်ဘဲ လွဲချော်လိမ့်မယ်လို့သိရပါတယ်။ အသက် ၂၃ နှစ်အရွယ်ရှိ လူငယ်တိုက်စစ်မှူး စတာလင်ဟာ ကျောဒဏ်ရာပြဿနာကြောင့် အင်္ဂလန်လက်ရွေးစင်အသင်းနဲ့ ပါဝင်ခွင့်လွဲခဲ့ရတာဖြစ်တယ်လို့လည်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က ဆိုပါတယ်။ အင်္ဂလန်အသင်းအနေနဲ့ စပိန်အသင်းနဲ့ ယူအီးအက်ဖ်အေ နေရှင်းနယ်လိဂ်ပွဲစဉ်၊ ဆွစ်ဇာလန်အသင်းနဲ့ ချစ်ကြည်ရေးခြေစမ်းပွဲစဉ် စတဲ့ပွဲစဉ်တွေ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အဲဒီပွဲစဉ်တွေအတွက် တိုက်စစ်ပိုင်းမှာ စပါးတိုက်စစ်မှူး ဟယ်ရီကိန်း၊ မန်ယူတိုက်စစ်မှူး ရက်ရှ်ဖို့ဒ်နဲ့ အာဆင်နယ်တိုက်စစ်မှူး ဒန်နီဝဲလ်ဘက်တို့ကို အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်က ရွေးချယ်ထားခဲ့တယ်လို့လည်း သိရပါတယ်။ ကွင်းလယ်ပိုင်းအတွက်တော့ ဒီလီအလီ၊ အဲရစ်ဒိုင်ယာ၊ ဟန်ဒါဆန်၊ လယ်လာနာ၊ လင်ဂတ်၊ လိုတပ်စ်ချိခ်တို့ကို ရွေးချယ်ထားပါတယ်။ နောက်တန်းအတွက်ကတော့ အလက်ဇန်းဒါးအာနိုး၊ ဖေဘီယန်ဒဲလ်၊ ဂျိုးဂိုမက်ဇ်၊ မာကွီယာ၊ ဒန်နီရိုစ့်၊ လုခ်ရှော၊ ဂျွန်စတုန်း၊ တာကိုစကီး၊ ထရစ်ပီယာ၊ ကီလီဝေါ်ကာ တို့ကို ရွေးချယ်ထားပါတယ်။

## အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲကို လက်ပြနှုတ်ဆက်လိုက်ရပြီဖြစ်တဲ့ တင်းနစ်မယ် မာရီယာရှာရာပိုဗာ

ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာဟာ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲမှာ စပိန်တင်းနစ်မယ်ဆွာရတ်ဇ်နာဗာရိုကို ရှုံးနိမ့်ခဲ့တာကြောင့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲကို လက်ပြ နှုတ်ဆက်လိုက်ရပြီဖြစ်ပါတယ်။ ဂရန်းဆလမ်းငါးကြိမ်မြောက်ချန်ပီယံဖြစ်ထားတဲ့ ရှာရာပိုဗာဟာ တင်းနစ်ကစားခြင်းမှ တားမြစ်ခြင်းခံခဲ့ရသူဖြစ်ပြီး ပြီးခဲ့တဲ့နှစ် ဧပြီလက တားမြစ်ထားခြင်းမှ လွတ်မြောက်လာခဲ့ကာ တင်းနစ်လောကထဲသို့ ပြန်လည်ဝင်ရောက်လာခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ဂရန်းဆလမ်းပြိုင်ပွဲတွေမှာ ကွာတားဖိုင်နယ်အဆင့်အထိ တစ်ကြိမ်မျှ တက်လှမ်းနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ ဒါပေမယ့် ရှာရာပိုဗာဟာ ၂၀၀၄ ကနေ ၂၀၁၄ ခုနှစ်အတွင်း ဂရန်းဆလမ်းချန်ပီယံငါးကြိမ်ဖြစ်ထားခဲ့တာ ဖြစ်ပါတယ်။ အဲဒါချန်ပီယံဖြစ်ခဲ့တဲ့ အချိန်တွေကတော့ ၂၀၀၄ ခုနှစ်က ဝင်ဘယ်ဒန်တင်းနစ်ချန်ပီယံ၊ ၂၀၀၆ ခုနှစ်က အမေရိကန်အိုးပင်းတင်းနစ် ချန်ပီယံ၊ ၂၀၀၈ ခုနှစ်က ဩစတြေးလျအိုးပင်းတင်းနစ်ချန်ပီယံနဲ့ ၂၀၁၂ နဲ့ ၂၀၁၄ ခုနှစ်တို့မှာ ပြင်သစ်အိုးပင်းတင်းနစ်ချန်ပီယံတို့ဖြစ်ထားခဲ့တာဖြစ်ပါတယ်။

# MINERAL DEVELOPMENT PUBLIC COMPANY LIMITED

## သတ္တုဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူသို့ ကြော်ငြာခြင်း

သတ္တုဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် နိုင်ငံတော်အစိုးရမှ ချမှတ်ထားသော မူဝါဒများနှင့်အညီ ကျောက်မျက်ကဏ္ဍ၊ သတ္တုသယံဇာတကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ-၁၉၁၄ ခုနှစ်အရ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ရက်နေ့တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၂၃၈၃၄၅၁ ဖြင့် ဖွဲ့စည်းတည်ထောင်ပြီးကြောင်း အများပြည်သူအား ကြေညာအပ်ပါသည်။

ဘဏ်လုပ်ငန်း စတင်လုပ်ဆောင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ(၁၀)အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်လုပ်ငန်းလိုင်စင်အမှတ် မဗဘ/ပဘ-၂၆/၀၇/၂၀၁၈ ဖြင့် ဘဏ်လုပ်ငန်းလိုင်စင်ရရှိထားပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ တရားဝင်လုပ်ငန်း စတင်ဆောင်ရွက်ခွင့်လက်မှတ် (Certificate for commencement of Business)ရရှိရန် ဆက်လက်ဆောင်ရွက်နေဆဲ ဖြစ်ပါသည်။

အများပြည်သူ ပါဝင်နိုင်စေရန်နှင့် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူများအတွက် မကြာမီကာလအတွင်း အစုရှယ်ယာများနှင့် သက်ဆိုင်သော အသေးစိတ်အကြောင်းအရာများကို ဆက်လက်အသိပေး ကြေညာသွားမည် ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**သတ္တုဖွံ့ဖြိုးရေးအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**
**အမှတ်(၆၆)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၇/၂၀၁၈)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (က) | IFB-021(18-19) | Applied Research Center, Mud Logging Unit and Geology Workstation (10) Items | US$ |
| (ခ) | IFB-022(18-19) | LITHO SI Software (1) No | US$ |
| (ဂ) | IFB-023(18-19) | Telecommunication Equipment (4) Items | US$ |
| (ဃ) | IFB-024(18-19) | Three Phase Separator for Production 1000 PSI (1) Set | US$ |
| (င) | IFB-025(18-19) | Echometer Digital Well Analyzer (1) Set | US$ |
| (စ) | IFB-026(18-19) | Cat 3512B Engine Assy (2) Units | US$ |
| (ဆ) | IFB-027(18-19) | 9 5/8" Seamless Steel Casing (3) Items | US$ |
| (ဇ) | IFB-028(18-19) | Assorted Sizes of Drill Pipes (3) Items | US$ |
| (ဈ) | DMP/L-099(18-19) | Mobile Type Welding Machine Engine Driven 400 AMP and Accessories (7) Sets | Ks |
| (ည) | DMP/L-100(18-19) | Welding Set and Accessories (400 V) Maximum Current At 100% Duty Cycle 400 AMP (4) Sets | Ks |
| (ဋ) | DMP/L-101(18-19) | Portable Welding Machine with 14 HP Engine and Accessories (5) Sets | Ks |
| (ဌ) | DMP/L-102(18-19) | Portable Fire Fighting Pump and Accessories (1) Set | Ks |
| (ဍ) | DMP/L-103(18-19) | Gas Detector (6) Nos | Ks |
| (ဎ) | DMP/L-104(18-19) | Telephone Cable (2) Items | Ks |
| (ဏ) | DMP/L-105(18-19) | Electronic Private Branch Exchange(2)Nos | Ks |
| (တ) | DMP/L-106(18-19) | Data Acquision, Data Processing Center and Interpreation Work Station (8) Items | Ks |
| (ထ) | DMP/L-107(18-19) | Mud Testing Equipment, Geological Survey Instrument & Field Equipment, Applied Research Centre and Mud Logging Unit (22) Items | Ks |
| (ဒ) | DMP/L-108(18-19) | Soft-Start (Model-3RW 4074-6BB44) (15)Nos | Ks |
| (ဓ) | DMP/L-109(18-19) | 1000 KVA Transformer for CNG Station (1) No | Ks |
| (န) | DMP/L-110(18-19) | 33/0.4 KV, 500 KVA Transformer & 11/6.6-0.4 KV, 500 KVA Transformer(2)Nos | Ks |
| (ပ) | DMP/L-111(18-19) | 132 KW Main Motor (China) for L-Type CNG Compressor (1) No | Ks |
| (ဖ) | DMP/L-112(18-19) | Foam Pig (20) Nos | Ks |
| (ဗ) | DMP/L-113(18-19) | Welding Electrode (3) Items | Ks |
| (ဘ) | DMP/L-114(18-19) | Heat Shrinkable Sleeve and Closure Patches (2) Items | Ks |
| (မ) | DMP/L-115(18-19) | Gas Detector Equipment with Complete Accessories (5) Sets | Ks |
| (ယ) | DMP/L-116(18-19) | Mobile Welding Machine with Complete Accessories 600 AMP (2) Sets | Ks |
| (ရ) | DMP/L-117(18-19) | D3 T2 SR-I Drilling Rig DC Motors Control System Upgrading (1) Lot | Ks |
| (လ) | DMP/L-118(18-19) | Fire Fighting Truck (5000 Liter) (1) Unit | Ks |
| (ဝ) | Container(2/2018) | ကွန်တိန်နာသယ်ယူပို့ဆောင်ခြင်းလုပ်ငန်း (ရန်ကုန်ဆိပ်ကမ်းများမှ သာကေတရေနံအခြေစိုက်စခန်းသို့ အသွား/အပြန် ) (၁-၁၀-၂၀၁၈ မှ ၃၁-၃-၂၀၁၉ထိ ၆ လ အတွက်) | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Web Portal (www.moee.gov.mm)၌ အသေးစိတ်ကြည့်ရှု၍ အခမဲ့ Download ရယူနိုင်ပါသည်။ တင်ဒါပုံစံများအား ရောင်းချမည်မဟုတ်ပါ။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများအနက် အမှတ်စဉ် (က)မှ(လ)အထိကို ၂-၁၀-၂၀၁၈ရက် (၁၄း၀၀)နာရီတွင် နောက်ဆုံးထား၍လည်းကောင်း၊ အမှတ်စဉ်(ဝ)ကို ၁၈-၉-၂၀၁၈ရက် (၁၄း၀၀)နာရီတွင် နောက်ဆုံးထား၍လည်းကောင်း ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၂၀၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ မြိတ်ခရိုင်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင် မည်သူမဆို အိတ်ဖွင့်တင်ဒါ (Open Tender) လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| | | |
|---|---|---|
| ၂။ တင်ဒါပုံစံစတင်ရောင်းချမည့် နေ့ရက်/နေရာ | - | ၅-၉-၂၀၁၈ ရက် (ရုံးချိန်အတွင်း) လမ်းဦးစီးဌာန၊ မြိတ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ (မြို့ပြ)ရုံး |
| ၃။ တင်ဒါပုံစံပိတ်မည့် နေ့ရက်/အချိန် | - | ၄-၁၀-၂၀၁၈ရက်၊ ညနေ ၄း၃၀ နာရီ |
| ၄။ တင်ဒါဖွင့်မည့်နေ့ရက်နှင့် အချိန်/နေရာ | - | ၅-၁၀-၂၀၁၈ရက် နံနက်၁၀နာရီ လမ်းဦးစီးဌာန၊ မြိတ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး |

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ မြိတ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ဖုန်း-၀၅၉-၄၁၁၁၇၊ ၀၅၉-၄၁၀၀၇ ၌ ရုံးချိန်အတွင်း လာရောက်စုံစမ်း မေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ကံဘဲ့၊ မြေကွက်အမှတ်-၁၂၅၊ ဧရိယာ-၀.၂၅၁ဧက၊ မြေကွက်တည်နေရာအမှတ်-၁၀၊ တပင်ရွှေထီးလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ မောင်ကြေည်အမည်ပေါက်၊ Lလ/န-၃၉(အမှုတွဲအမှတ် RSDO ၆၅/၁၉၅၄-၁၉၅၅/၂၀-၁-၁၉၅၅/၁၉-၁-၁၉၈၅)ထိ မြေကွက်အား အပိုင်ရောင်းစာချုပ် ၈၄၂/၁၉၆၀(၂၅-၄-၁၉၆၁)ဖြင့် ဦးအုံးထွန်း၊ ဒေါ်စောလွင်တို့မှ ပိုင်ဆိုင်ပြီး ဦးအုန်းထွန်း[၁၂/ရကန(နိုင်)၀၄၉၇၆၄] ၁၆-၁၂-၂၀၁၇ရက်တွင် ကွယ်လွန်သဖြင့် ဦးအုန်းထွန်း၏ အမွေစားအမွေခံအဖြစ် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သည့် ဒေါ်စောလွင်တစ်ဦးတည်းသာ ကျန်ရှိကြောင်း၊ ဦးအုန်းထွန်းပိုင်ဆိုင်သော ထက်ဝက်တိတိဝေစုကို ဗုဒ္ဓဘာသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဇနီးဖြစ်သူ ဒေါ်စောလွင်တစ်ဦးတည်း အမွေဆက်ခံပိုင်ဆိုင်ခဲ့သည်မှာ မှန်ကန်ကြောင်း၊ ဒေါ်စောလွင်၏ ၁၄-၅-၂၀၁၈ရက်စွဲပါ ကျမ်းကျိန်လွှာ၊ အပိုင်ရောင်းစာချုပ်-၈၄၂/၁၉၆၀၌ ဦးအုန်းထွန်းဟု ရေးသားဖော်ပြခဲ့ကြောင်း၊ ဦးအုံးထွန်းနှင့် ဦးအုန်းထွန်းတို့သည် လူပုဂ္ဂိုလ် ဒေါ်စောလွင်၏ခင်ပွန်း ဦးအုန်းထွန်း တစ်ဦးတည်းသာဖြစ်ကြောင်း ဒေါ်စောလွင်၏ ၁၄-၅-၂၀၁၈ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ဦးကျော်ရှိန်နှင့်ဦးစံမြတို့၏ ၁၄-၅-၂၀၁၈ရက်စွဲပါ ထောက်ခံကျမ်းကျိန်လွှာ၊ ဦးအုန်းထွန်း၏ သေဆုံးမှုလက်မှတ် Mg Aye Kyi အမည်ပေါက် RSDO ၆၅/၁၉၅၄-၁၉၅၅/၂၀-၁-၁၉၅၅/၁၉-၁-၁၉၈၅ထိ သက်ကုန်ဂရန်မူရင်း၊ အပိုင်ရောင်းစာချုပ် ၈၄၂/၁၉၆၀(၂၅-၄-၁၉၆၁)၊ ဦးအုန်းထွန်း၊ ဒေါ်စောလွင်တို့၏ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ဒေါ်စောလွင်[၁၂/ရကန(နိုင်)၀၄၉၉၃၀]မှ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးရာ (၁)နှစ်ထပ်တိုက် လျှောက်ထားသူ ဒေါ်စောလွင်နေထိုင်ပါသည်။ (၂)အုတ်ညှပ်တစ်ထပ်ဂိုဒေါင်တစ်လုံး၊ (၃)တိုက်ရှေ့မျက်နှာစာ(အရိယာမဂ္ဂင်လမ်းဘက်)တွင် ၁ထပ်(အုတ်+ပျဉ်) အဆောက်အအုံငယ်(၁)လုံးရှိပါသည်။ သို့ပါ၍ အထက်ဖော်ပြပါအတိုင်း ဒေါ်စောလွင်[၁၂/ရကန(နိုင်)၀၄၉၉၃၀]မှ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၇/၄၈)၊ စွယ်တော်လမ်းနေ ဦးတိုးပြည့်စိန်[၇/တငန(နိုင်)၁၂၃၆၇]မှ အသိပေးကြေညာအပ်ပါသည်။ ကျွန်တော်ဦးတိုးပြည့်စိန်သည် Mingalarpar Coffee, Chin Coffee Island အမည်ဖြင့် ကော်ဖီလုပ်ငန်းကို တောင်ငူမြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၃-၅-၂၀၁၈ ရက်တွင် ၂၀၁၈ ခုနှစ်၊ စာချုပ်အမှတ်-၆၉/၂၀၁၈၊ ၇၀/၂၀၁၈ ကုန်အမှတ်ဖြင့် မှတ်ပုံတင်သွင်း၍ လုပ်ကိုင်လျက်ရှိပါသည်။

အဆိုပါ မှတ်ပုံတင်ထားသော Mingalarpar Coffee, Chin Coffee Island အမည်ရှိ ကော်ဖီကို မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်ပုံတင်ရန် လျှောက်ထားမည်ဖြစ်၍ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးတိုးပြည့်စိန်**
**[၇/တငန(နိုင်)၁၂၃၆၇]**
**(၇/၄၈)၊ စွယ်တော်လမ်း၊ တောင်ငူမြို့။**
**ဖုန်း-၀၉-၅၃၅၂၀၈၄**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ Asia Beverages Co.,Ltd ရုံးခွဲတွင် တာဝန်ထမ်းဆောင်ခဲ့သော မောင်ကျော်လင်းထွန်း(Sales Supervisor)၊ (၁၁)ဥုးသိနုလ(နိုင်)၀၀၃၃၆၅၂သည် ၂၆-၇-၂၀၁၈မှစ၍ Asia Beverages Co.,Ltd နှင့် မည်သို့မျှ သက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Asia Beverages Co.,Ltd**
**အမှတ်(၁၀)၊ အုတ်ကျင်းဘူတာရုံလမ်း၊**
**၁၆ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကံဘဲ့ရပ်ကွက်၊ စိမ်းလဲ့မေရိပ်သာလမ်း၊ အမှတ်(၁၉/အေ)၊ (Basement)+(၁၂½ထပ်)တိုက် (Basement+Ground Floor Level-1) (Carpaking) အဆောက်အအုံမှ အခန်းအမှတ်(၅၀၂)၊ (၅လွှာ)၊ စတုတ္ထထပ်၊ ဧရိယာ(၁၅၄၈) စတုရန်းပေ၊ မြေပိုင်မြေပေါ်ရှိ Green Inya Condo တိုက်ခန်းနှင့် ၎င်း Green Inya Condo တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသော (Kakehashi Development Company Limited)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်အေးအေးသက်[၉/မနမ(နိုင်)၀၆၀၅၇၆]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးသက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းမင်းစိုး** | **ဒေါ်သူဇာကျော်** | **ဒေါ်ဝေဖြိုးအောင်** |
| **LL.B,WIPO (Switzerland)** | **LL.B,D.B.L,D.I.L, WIPO (Switzerland)** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)** | **အထက်တန်းရှေ့နေ (စဉ်-၄၆၀၅၁)** | **အထက်တန်းရှေ့နေ (စဉ်-၄၄၀၀၃)** |
| **Ph-01-246869,09- 450023651** | **Ph-09-254508917** | **Ph-09-421157856** |

**Level (၅၊၆၊၇၊၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

# သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

၁။ နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခု (နာဂ၊ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ) တို့မှ ၂၀၁၈-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်များသို့ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်။

၂။ လိုအပ်သောအရည်အချင်း-

(က) ဝင်ခွင့်လျှောက်ထားချိန်တွင် လျှောက်ထားသူနှင့် ၎င်း၏မိဘ(၂)ဦးစလုံးသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်)၊ (ပြု)၊ (ဧည့်) ကိုင်ဆောင်ထားသူ ဖြစ်ရမည်။

(ခ) နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)တွင် အမြဲနေထိုင်သူဖြစ်ရမည်။

(ဂ) ၂၀၁၈-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

(ဃ) အခြေခံပညာသင်တန်း(၈-တန်း၊ ၉-တန်း၊ ၁၀-တန်း) များကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့ပြီး ၎င်းဒေသများမှပင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ဖြစ်ရမည်။

**မှတ်ချက်။ အပိုဒ်(ခ)ပါဒေသများတွင်နေထိုင်သော်လည်း အခြေခံပညာ အထက်တန်းကျောင်းမရှိခြင်း၊ စာစစ်ဌာနမရှိခြင်း၊ အခြေခံပညာအထက်တန်းကျောင်းရှိသော်လည်း သိပ္ပံဘာသာတွဲသင်ကြားနိုင်မှုမရှိခြင်းတို့ကြောင့် အနီးစပ်ဆုံးမြို့နယ်ရှိ အထက်တန်းကျောင်းများမှ အောင်မြင်သော ကျောင်းသားများအား (၈-တန်း၊ ၉-တန်း၊ ၁၀-တန်း)ကို ခက်ခဲဒေသတွင် (၃) နှစ်ဆက်တိုက် တက်ရောက်ခဲ့ခြင်းမရှိသော်လည်း ခြွင်းချက်ဖြင့် စဉ်းစားမည်။**

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်များကို ပူးတွဲတင်ပြရမည်။

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ရမှတ် စာရင်း **(မူရင်း)**(၁)စောင်

(ခ) ၎င်းဒေသရှိ ကျောင်း၌ (၃) နှစ်ဆက်တိုက် တက်ရောက်ခဲ့သူဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင် စာမေးပွဲအား ၎င်းဒေသရှိ စာစစ်ဌာနမှ အောင်မြင်သူဖြစ်ကြောင်း သက်ဆိုင်ရာအခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၏ထောက်ခံချက်နှင့် မြို့နယ်ပညာရေးမှူးတို့၏ထောက်ခံချက်။

(ဂ) အိမ်ထောင်စုစာရင်းဇယားမိတ္တူနှင့် ၎င်းဒေသတွင် (၃)နှစ်ဆက်တိုက်နေထိုင်သူဖြစ်ကြောင်း သက်ဆိုင်ရာဒေသအာဏာပိုင်များ၏ ထောက်ခံချက်။

(ဃ) လျှောက်ထားသူနှင့် မိဘ(၂)ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ

(င) (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်အရွယ်ရောင်စုံဓာတ်ပုံ(၂)ပုံ

(စ) ဘွဲ့ရရှိပြီးပါက မိမိဒေသတွင် **(၅)နှစ်မပျက်မကွက်** **(မပျက်မကွက်)** တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်။

**မှတ်ချက်။ အထူးအခွင့်အရေးအဖြစ် ဆေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ပြုခြင်းဖြစ်သည့်အတွက် တက်ရောက်ခွင့်ရရှိပြီး တက္ကသိုလ်သို့ သင်တန်းလာအပ်ပါက ဘွဲ့ရရှိပြီးနောက် မိမိဒေသတွင်အနည်းဆုံး(၅)နှစ် မပျက်မကွက် တာဝန်ထမ်းဆောင်ပါမည်ဟု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတာဝန်ခံနှင့် ပြည်နယ်/ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ရှေ့တွင် လက်မှတ်ရေးထိုးထားသည့် ကတိပြုဝန်ခံချက် တင်ပြရမည်။**

၄။ အောက်ဖော်ပြပါ လျှောက်လွှာနမူနာပုံစံအတိုင်း A-4 size ဖြင့် ကွန်ပျူတာရိုက်၍ မိမိအစီအစဉ်ဖြင့် လျှောက်ထားရန်ဖြစ်ပါသည်။

၅။ လျှောက်လွှာများကို **၂၈-၉-၂၀၁၈ ရက် နောက်ဆုံးထား၍** ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

**၆။ လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများနှင့် မပြည့်စုံသော လျှောက်လွှာများအား လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

၇။ ရောက်ရှိလာသော လျှောက်လွှာများနှင့် အမှတ်စာရင်းများကို စိစစ်၍ ဆေးတက္ကသိုလ်ဝင်ခွင့်ပြုမည်ဖြစ်ပါသည်။

**(မှတ်ချက်။ ရွေးချယ်ခြင်းမခံရသူများအား ပြန်လည်အကြောင်းကြားမည်မဟုတ်ပါ)။**

၈။ ဆေးတက္ကသိုလ်သို့ ဝင်ခွင့်ရရှိသူများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တက်ရောက်ခွင့်ပြုသည့် ဝင်ခွင့်ရတက္ကသိုလ်တွင်သာ သင်တန်းပြီးဆုံးသည်အထိ တက်ရောက်ရမည် ဖြစ်သည်။

၉။ အသေးစိတ်သိလိုပါက ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၃၄၁၁၂၃၉ နှင့် ၀၆၇-၃၄၁၁၁၄၈၊ ၃၄၁၁၁၄၉၊ လိုင်းခွဲ(၈၁၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လျှောက်လွှာနမူနာပုံစံ

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

**ဓာတ်ပုံ**

**ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ**
**(၂၀၁၈-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ)**

၁။ အမည် (မြန်မာ) ---------------------------------- ကျား ☐ မ ☐
(အင်္ဂလိပ်)

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် -------------------------------------------

၃။ မွေးသက္ကရာဇ်(ခုနှစ်၊လ၊ရက်) -------------------------------------------

၄။ လူမျိုး ----------------------------- ကိုးကွယ်သည့်ဘာသာ ---------------

၅။ ဖခင်အမည် ---------------- နိုင်ငံသားစိစစ်ရေးကတ်အမှတ် ---------------
အလုပ်အကိုင် -------------------------------------------------------------

၆။ မိခင်အမည် ----------------- နိုင်ငံသားစိစစ်ရေးကတ်အမှတ် ---------------
အလုပ်အကိုင်------------------------------ ----------------------------

၇။ တက္ကသိုလ်ဝင်စာမေးပွဲ ခုံအမှတ်---------------------စာစစ်ဌာန ------------

၈။ အောင်မြင်သည့်ခုနှစ်---------------------------------------------------

၉။ တက္ကသိုလ်ဝင်တန်းတက်ရောက်ခဲ့သည့် ကျောင်းနှင့်မြို့နယ် --------------------
-------------------------------------------------------------------------

၁၀။ အမြဲနေထိုင်သောလိပ်စာ -----------------------------------------------
-------------------------------------------------------------------------

၁၁။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့်ဖုန်းနံပါတ် ------------------------------
-------------------------------------------------------------------------

၁၂။ **ဝန်ခံချက်**
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။

ရက်စွဲ။ ------------------

------------------------------
ဝင်ခွင့်လျှောက်ထားသူလက်မှတ်

အထက်ဖော်ပြပါအချက်များ မှန်ကန်ကြောင်း တာဝန်ယူလက်မှတ်ရေးထိုးပါသည်။

ရက်စွဲ။ ------------------

------------------------------
မိဘ/အုပ်ထိန်းသူလက်မှတ်

## ကြော်ငြာ


**နန်းဦးလိုင်း** အဘအောင်မင်းခေါင်ထွက်ပွဲ

- အဘထွက်ပွဲ သီးသန့်–ပုပ္ပါး(၁)ညအိပ်(၃)ရက်။ (၂၄–၉–၂၀၁၈ ထွက်မည်) (ကြိုတင်လက်မှတ်ရောင်းပြီ)
- အဘထွက်ပွဲ–ပုပ္ပါး(၁)ညအိပ်၊ ပုဂံဘုရားစုံဖူး၊ စွယ်တော်လေးဆူ၊ ညောင်ဦး၊ ပခုက္ကူ၊ သီဟိုဠ်ရှင် (၅)ရက်။
- အဘထွက်ပွဲ–ပုပ္ပါး(၁)ညအိပ်၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ လွိုင်ကော် (၆)ရက်။ ဆက်၍–ပုဂံဘုရားစုံဖူး၊ စွယ်တော်လေးဆူ၊ ညောင်ဦး၊ ပခုက္ကူ၊ သီဟိုဠ်ရှင်၊ ရွှေဂူကြီးဘုရား (၈)ရက်။
- အဘထွက်ပွဲ–ပုပ္ပါး(၁)ညအိပ်၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် (၅)ရက်။ ဆက်၍–ပုဂံဘုရားစုံဖူး၊ စွယ်တော်လေးဆူ၊ ညောင်ဦး၊ ပခုက္ကူ၊ သီဟိုဠ်ရှင်၊ ရွှေဂူကြီးဘုရား (၇)ရက်။ ကားစီးလုံးငှားအော်ဒါလက်ခံသည်
- ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ၊ သီဟိုဠ်ရှင် (၄)ရက်။ • မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် (၄)ရက်။
- တောင်ကြီး၊ အင်းလေး၊ ရွှေတော်တဏ္ဍု၊ ထမ်းစမ်းဂူ (၄)ရက်။ လွိုင်ကော်ပါ (၅)ရက်။ (အပတ်စဉ်သွားကြ)

ဖုန်းဆက်ရန် 01-391577, သန်လျင် 056-21671, 09-5122961, 09-254340569

**ရွှေအိုးကြီး** အထူးဖြင့်ခရီးစဉ် Sep-25 ထွက်မည်
ပုပ္ပါးအဘထွက်ပွဲ၊ မန္တလေး မိုးကုတ်(၄)ရက် Hotel (110000)
ပုပ္ပါးအဘထွက်ပွဲ၊ ကလေး၊ ပြည်နယ် လွိုင်ကော်(၄)ရက် Hotel (100000)
09421073634, 777636630

**သုံးရာသီ (ပျော်ဒါန)**
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ ပခုက္ကူ၊ သီဟိုဠ်ရှင်၊ ရွှေဂူတကာတော်
Sep-24,28
☎ 420144148, 421153797

**ကားစီးလုံးငှားသည်။**
AC-Express(45,33,25), အံစတုံး (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရွှေငင်း) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်ငှားပါ။
မြို့တွင်း/မြို့-ခရီးစဉ်မျိုးစုံအတွက် ကားကြီး/သေးမျိုးစုံ ငှားရမ်းနိုင်သည်။
Ph: 09-252522200, 09-33345545, 09-5089800

**WONDERLAND Car Rental**
Alphard/Hiace/Saloon/Express
(၂၉၊၃၃၊၄၅ယောက်စီး)များကိုခရီးစဉ်အမျိုးမျိုးအတွက်ငှားရမ်းနိုင်ပါသည်။
Ph:09-254545519
09-795549249

**“ရိုင်းကျော်စွာ”**
မြောက်ဒဂုံ၊ အရှေ့ဒဂုံနှင့်ဒဂုံဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။
09-5030138, 09-795663667

**မျိုး** 01 8380164, 09 5017088, 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ် ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။


**ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်**

အထက(၂) ဒဂုံတောင် သတ္တမတန်း(A)၌ ပညာသင်ကြားနေသော မောင်အေးချမ်းဦး၏ဖခင် အမည်မှန်မှာ ဦးစောသန်းဦးဖြစ်ပါသည်။ မောင်အေးချမ်းဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၇-၂၀၀၅ ဖြစ်ပါသည်။


**We must work together! We must build our Nation!**



MYANMAR'S LAND
Success, Motivation and Management Institute
**Certificate in Modern Marketing**

**ခေတ်သစ်မာကတ်တင်း စီမံခန့်ခွဲမှုသင်တန်း**

လူတိုင်းဟာ မာကတ်တင်းနဲ့ တစ်နည်းနည်းပတ်သက်နေပါတယ်။ သင်ဟာ … မာကတ်တင်းပညာနဲ့ တစ်နည်းနည်းပတ်သက်နေသူဆိုရင် ဒီသင်တန်းကို မဖြစ်မနေတက် ရောက်လိုက်ပါ။ အခြေခံမာကတ်တင်း စီမံခန့်ခွဲမှုပညာ၊ မာကတ်တင်းမဟာဗျူဟာများ၊ ခေတ်သစ်မာကတ်တင်း သဘောတရားများ၊ E-commerce အခြေခံ၊ အွန်လိုင်းမာကတ်တင်း၊ Facebook Marketing, Marketing Idea စသည်တို့ကို သင်ကြားပေးပါမည်။

အပတ်စဉ်-စနေနေ့ (2 pm to 5 pm)
၂-လသင်တန်း (၈-၉-၂၀၁၈)နေ့ စမည်။




ABE (UK)၏ ကမ္ဘာ့အမှတ်အများဆုံးဆု (World First) ရရှိထားသော ဆရာ လင်းသိုက်ညွန့် (မြန်မာ့မြေ) ကိုယ်တိုင် သင်ကြားပေးပါမည်။

Campus - Taw Win Centre (3rd Floor). website : www.lynnthaiknyunt.com
Contact : 503172, 09260663336, 09259290274, 0943121060, 095010014



**VAC®** VALUE ADDED CONSULTANCY
မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

(မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသော နိုင်ငံခြားကုမ္ပဏီများမှ အလုပ်ခေါ်နေပြီ)

**Job Openings for Foreign Firms**

**OPEX Manager** - Engineering - Attractive Salary M(1)
- MBA or Master Degree is Plus, Mininum 5yrs Experience in Similar position ( Local / Oversea ). Prior Experience Of Fuel Management Practices is essential for this role. Understanding of Telecom Site Managed service practices is a Plus.

**Process Analyst** - Manufacturing - USD 1000 M/F(1)
- Black Belt Training required, Black Belt Certificate Preferred. 3yrs Exp In the process Improvement / Business improvement related works. Must possess analytical competence necessary to administer SPC System

**Assistant Operation Manager** - Electronics Factory - 500,000Ks M(1)
- Any Grad, 3yrs Exp In Relevant Field, Able to Speal English

**Marketing Manager** - Automobile - USD 1200 M/F(1)
- Any Grad, Dip Or Cef In Marketing, 5yrs Exp In Relevant field, English 4 Skills,

**Sales Manager** - Automobile - Mdy - USD 1300 M(1)
- Any Grad, 5yrs Exp In Relevant field, English 4 Skills, Knowledge In Automobile Sales

**Area Sales Manager** - Medical - 1,500,000Ks M/F(2)
- Any Grad, 5yrs Experience in Relevant Field, English 4 Skills Or Hindi Language

**Sales Manager** - IT / Telecom - 1,000,000Ks M/F(1)
- Any Grad with Dip In Sales & Marketing, 5yrs Experience in Relevant Field, English Skills

**Assistant Sales Manager** - Cement - Ygn - Mdy - 1,000,000Ks M/F(2)
- Any Grad, 5yrs Experience in Relevant Field, English Skills

**Project Engineer** - 1,000,000Ks M/F(2)
- BE/GTI(Civil), 5yrs Experience in Interior Decoration Field, English 4 Skills

**Tax Accountant** - Freight Forwarding - 800,000Ks M/F(1)
- B.Act, B.Com, LCCI III, 3yrs Experience in Relevant Field, Proficient In English

**English & Chinese Interpreter** - USD 1000 M/F(1)
- Any Grad, Fluent In English & Chinese, Prefer Engineering Background

**ChineseTranslator** - 600,000Kyats M/F(2)
- Any Grad, 2yrs Experience On Relevant Field, Chinese Skills

E-mail ဖြင့် အလုပ်လျှောက်နိုင်သည် ။ CVကို MicroSoft Word File ဖြင့်ပို့ပါ။

များပြားသောအလုပ်အကိုင်အခွင့်အလမ်းများ ⟹ Like VAC Jobsearch

No.118, 6th Floor, 23rd St, Latha Tsp, Yangon. E-mail: cv@vacjobsearch.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094




# ရွှေလက်ဆောင်

သိထားကြည့်ထား လေ့လာထားရမည့်

၂၀၁၉ တက္ကသိုလ်ဝင်စာမေးပွဲ
မြန်မာစာ မေးခွန်း ၂(ခ)၊ ၅(ခ)၊ ၆(ခ)
နှင့်
အင်္ဂလိပ်စာ မေးခွန်း III (A), V, VI



သင်ရိုးအဆင့်နှင့် ညီသော ပြင်ပ စာကြောင်း၊ စာပိုဒ်များကို
နည်းပေးလမ်းပြ အမေးအဖြေများဖြင့်
လမ်းညွှန်ပို့ချထားသည့် အကောင်းဆုံးစာအုပ်များ



ဒေါ်ခင်မြင့်ကြည်
တွဲဖက်ပါမောက္ခ (ငြိမ်း)
ပြုစုသည်

ထွက်ပြီ
ပါမောက္ခ ဦးသိန်းဝင်း ပြုစုသည်

နယ်မြို့အသီးသီးရှိ စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါပြီ။



# AUTRON နားကြားကိရိယာ

မိမိ၏နားအကြားအာရုံ လျော့နည်းနေပြီလို့ခံစားနေရပါလား...?

- AUTRON မှ နားအကြားနှင့် "အသံ" စမ်းသပ်ပေး၍ လက်ရှိအသုံးပြုနေသူများ၏ နားကြားကိရိယာများကို ပြန်လည်စစ်ဆေးပေးခြင်း။
- နောက်ဆုံးပေါ် ကွန်ပျူတာပရိုဂရမ်သုံး၊ နားအတွင်းထည့်နှင့် နားနောက်ချိတ်နားကြားကိရိယာများ ဖိတ်ဆက်ပေးခြင်း။
- ဝယ်ယူမည့်သူများအတွက် မိုးရာသီအထူးပရိုမိုးရှင်းအနေဖြင့် ၁၀% မှ ၂၀% လျှော့ချပေးသွားမည်ဖြစ်ပါသည်။

MONSOON SEASON SALE
Promotion Date:
27.8.18 to 8.9.18



- ရန်ကုန်မြို့ => အမှတ် (၃၇၇)၊ ရွှေတိဂုံ ဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
  အမှတ် (၄၃၂)၊ မြေညီထပ်၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
- မန္တလေးမြို့ => အမှတ် (၇၀)၊ ၂၉ လမ်း၊ (၇၃×၇၄ ကြား)၊ မန္တလေးမြို့။
- မော်လမြိုင်မြို့ => အမှတ် (၃၂၂/က)၊ မြေညီထပ်၊ အောက်လမ်းမကြီး၊ မော်လမြိုင်မြို့။



RUBY ကားငှားသည်
519100
09-51-77212, 535100
(ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)



တရုတ်
စကားပြောခဲ့ပဲဆိုရင်
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
Sayar.Yang

ENGLISH
Conversation Practice
စကားပြောလေ့ကျင့်သင်တန်း

Great Wall
TAMWE - 540714, 09 5183636
09 420230133



မကြာမီစစ်ဆေးတော့မည့် အဝေးသင်စာမေးပွဲကြီးကို ဖြေဆိုနိုင်စေရန်

# မဟာ

အဝေးသင်တက္ကသိုလ်သင်တန်း

ဩဂုတ်လဆန်းတွင် ဖွင့်မည့် အနီးကပ်တန်းခွဲသစ်များတွင် အချိန်မီ အပ်နှံ သင်ကြားနိုင်ပါသည်။

အမှတ် - (11/A)၊ မြေညီထပ်၊ လှည်းတန်း (၁)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၃၀၄၃၅၄၊ ၀၉-၄၃၁၆၈၀၃၅။



VICTORIA UNIVERSITY COLLEGE
ENJOY SUCCESS
ISO 9001: 2015 CERTIFIED

# VICTORIA UNIVERSITY COLLEGE

ENJOY LEARNING ● ENJOY SUCCESS

အကောင်းဆုံးကို ရွေးချယ် အပ်နှံတတ်သော မိဘများကြောင့် ကျောင်းသား အင်အားအများဆုံး၊ သင်ကြားမှုအကောင်းဆုံးနှင့် နိုင်ငံတကာ စံချိန်စံညွှန်း ISO 9001:2015 အသိအမှတ်ပြု လက်မှတ်ရ VICTORIA UNIVERSITY COLLEGE မှ ၂၀၁၈ ကျောင်းသားကျောင်းသူသစ် များကို ကြိုဆိုပါသည်။

1. Business (HR/ Management/ Marketing)
2. Computing and Systems Development
3. Construction and the Built Environment (Civil Engineering)
4. Electrical and Electronic Engineering
5. Mechanical/ Mechatronic Engineering
6. Health and Social Care

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများသည် နိုင်ငံတကာ တက္ကသိုလ်ဝင်ခွင့် အတွက် South Essex College(UK) မှ တိုက်ရိုက် ချီးမြှင့်မည်ဖြစ်သည့် Level 3 Foundation Diploma သင်တန်းကို တက်ရောက်ရန် လျှောက်ထားနိုင်သည်။ သင်တန်းကာလ ပြီးဆုံးပါက အထက်ဖော်ပြပါ ဘာသာရပ်များမှ နှစ်သက်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်ပြီး HND (RQF Level 5) ရရှိရန် ၂ နှစ်ခန့်ကြာ သင်ယူရမည်။

HND ရရှိပြီးပါက ဗြိတိန်အစိုးရပိုင် University of Wolverhampton နှင့် ပူးတွဲသင်ကြားပို့ချမည့် အတန်းတွင် BE / BSc/ BA (Hons) ဘွဲ့ရရှိရန် (၁)နှစ်ခန့် စာတွေ့၊ လက်တွေ့ သင်ယူရမည်။
နိုင်ငံတကာ တက္ကသိုလ်များသို့ သွားရောက် သင်ယူလိုလျှင်လည်း VUC မှ ကျောင်းသားတိုင်း အထူးအခွင့်အရေး ရရှိပါသည်။

စက်တင်ဘာလ
တန်းခွဲအသစ် အတွက်
ကျောင်းသားများ
စတင်လက်ခံနေပါပြီ။

အသေးစိတ် အချက်အလက်များကို စုံစမ်းရန် ကျောင်းသားရေးရာ ဌာန

ရန်ကုန် - အမှတ် (၁၆၆)၊ အထက် ပန်းဆိုးတန်းလမ်း၊ MMB Tower၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၂၅၉၂၇၁၀၆၄။
မန္တလေး - အမှတ် (၁၅၁)၊ ၂၈ လမ်း (၇၇ x ၇၆)၊ ချမ်းအေးသာဇံမြို့နယ်။ ဖုန်း ၀၂ ၄၀ ၃၁၁၅၄၊ ၃၉၆၃၃၊ ၀၉ ၉၇၂၂၈၂၈၅။


ဗ လ ငါး တန် ဖွံ့ ဖြိုး ဖို့ စာ အုပ် စာ ပေ လေ့ လာ စို့

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယတပ်မတော်လေတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယတပ်မတော်လေတပ်ဦးစီးချုပ် Air Chief Marshal BS Dhanoa, PVSM, AVSM, YSM, VM, ADC အား လက်ခံတွေ့ဆုံစဉ်။** ဓာတ်ပုံ-တပ်မတော် သတင်းစဉ်

နေပြည်တော် စက်တင်ဘာ ၄

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အိန္ဒိယတပ်မတော်လေတပ်ဦးစီးချုပ် Air Chief Marshal BS Dhanoa, PVSM, AVSM, YSM, VM, ADC အား ယနေ့တွင် နေပြည်တော်ရှိ ဇေယျာသိဒ္ဓိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❐



## အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီပူဇော်ခံမည်

**ညောင်ရွှေ စက်တင်ဘာ ၄**

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူသည် ၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁ ရက် (အောက်တိုဘာ ၁၀ ရက်) မှ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် (အောက်တိုဘာ ၂၇ ရက်)ထိ ၁၈ ရက်တိုင်တိုင် အင်းလေးဒေသ ၂၁ ဌာနသို့ ဒေသစာရီကြွချီပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

ညောင်ရွှေမြို့သို့ အောက်တိုဘာ ၁၆ ရက်တွင် ရောက်ရှိမည်ဖြစ်ပြီး အောက်တိုဘာ ၁၈ ရက်အထိ ကိန်းဝပ်ပူဇော်ခံမည်ဖြစ်သည်။ အောက်တိုဘာ ၂၇ ရက်တွင် အင်းလေးဖောင်တော်ဦးဘုရား ရတနာစံကျောင်းတော်ကြီးသို့ ပြန်လည်ကြွမြန်းကိန်းဝပ်မည်ဖြစ်ကြောင်း၊ စက်တင်ဘာ ၃ ရက်တွင် အင်းလေးဖောင်တော်ဦးဘုရား ဗုဒ္ဓသာသနာ ထိန်ထိန်လင်းကျောင်းတော်ကြီး၌ ကျင်းပသည့် ဩဝါဒစရိယဆရာတော်ကြီးများ၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့များပါဝင်သော ဒေသန္တရအစည်းအဝေးမှ သဘောတူဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ **နေမျိုးသူရိန်**

# တစ်ဖက်နိုင်ငံတွင် ရောက်ရှိနေကြသည့် နေရပ်စွန့်ခွာသူ ခြောက်ဦး တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်းသို့ မိမိသဘောဆန္ဒဖြင့် ပြန်လည်ဝင်ရောက်



**ပြန်လည်ဝင်ရောက်လာသူ ခြောက်ဦးအား တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်းတွင် ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည်ကို တွေ့ရစဉ်။**

**မောင်တော စက်တင်ဘာ ၄**

တစ်ဖက်နိုင်ငံ၌ ရောက်ရှိနေကြသည့် နေရပ်စွန့်ခွာသူ ခြောက်ဦးသည် ယနေ့နံနက် ၈ နာရီတွင် တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်းသို့ မိမိသဘောဆန္ဒဖြင့် ပြန်လည်ဝင်ရောက်လာကြကြောင်း တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်းမှ သိရသည်။

ပြန်လည်ဝင်ရောက်လာကြသည့် မာမတ်ရှော်ရိပ်နှင့် မိသားစုဝင် ငါးဦးကို တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း စခန်းတာဝန်ခံနှင့် တာဝန်ရှိသူတို့က ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**

## ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၏ ဟောပြောစည်းရုံးမှုကို စက်တင်ဘာ ၆ ရက် သတင်းစာများတွင် ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၄**

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၏ ဟောပြောစည်းရုံးမှုကို စက်တင်ဘာ ၅ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၆ ရက်နေ့ထုတ် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာတို့တွင် ဖော်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း စင်ကာပူကို ဂိုးပြတ်အနိုင်ယူ

**ရန်ကုန် စက်တင်ဘာ ၄**

ခြေစမ်းပွဲများကစားရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် စင်ကာပူ ယူ-၁၆ အမျိုးသမီးအသင်းနှင့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းတို့ ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ခြေစမ်းကစားရာ မြန်မာအမျိုးသမီးအသင်းက စင်ကာပူအမျိုးသမီးအသင်းကို ကိုးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းအတွက် အာရှ ယူ-၁၆ အမျိုးသမီး ခြေစစ်ပွဲမတိုင်မီ ပထမဆုံးယှဉ်ပြိုင်ကစားသည့်ပွဲတွင် ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့၍ ကျေနပ်စရာ ဖြစ်ခဲ့သည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ■**

